EVERY FRIDAY




အလုပ်အကိုင်
အခွင့်အလမ်းများကို
စာမျက်နှာ ၁၅ တွင်
အပါတ်စဉ်
ဖော်ပြပေးသွားပါမည်

# မြစ်ကြီးနားသတင်း ဂျာနယ်

၂၀၁၄ မတ် ၂၉ တွင် စတင်ထုတ်ဝေသည်

အတွဲ (၅)၊ အမှတ် (၄) "ကချင်ပြည်နယ်၏ ပထမဦးဆုံး လွတ်လပ်သော သတင်းစာ" (ဖေဖော်ဝါရီ ၂ - ဖေဖော်ဝါရီ ၈၊ ၂၀၁၈)



## တပ်မတော်က ဖမ်းဆီးသွားသော မိန်းကလေးနှစ်ဦး ကေအိုင်အေစစ်သမီး ဟုတ်မဟုတ် စစ်ဆေးခံရဟုဆို



စာ - ၄ သို့ »

## ကချင်ပါတီသုံးခုပေါင်းစည်းဖို့ ပြည်သူလူထု ဆင်ခြင်ဆုံးဖြတ်တဲ့ လူထုအကြံပေးကော်မရှင်က ဆုံးဖြတ်တာကို လက်ခံချင်တယ်ဆိုတဲ့ KNC ပါတီဥက္ကဋ္ဌ



စာ - ၈ သို့ »

# အနောက်အုပ်စု၏ ပစ်ပယ်မှုကြောင့် တရုတ်ဘက်သို့ မျှော်ကြည့်လာသည့် ကေအိုင်အေ

စာ - ၁၆/၁၇ သို့ »




## ကေအိုင်အို၏ ဆဋ္ဌမမြောက်ဥက္ကဋ္ဌသစ် ဗိုလ်ချုပ်ကြီးအင်ဘန်လ ကျမ်းသစ္စာကျိန်ဆို

စာ - ၃ သို့ »

## အသက် ၃ နှစ်အရွယ် ကလေးငယ်ကို သားမယားပြုကျင့်ခဲ့သူအား သေဒဏ်ပေးစေလိုကြောင်း မိခင်ဖြစ်သူပြော

စာ - ၇ သို့ »

## KBZ မီနီဘဏ် လုယက်သူများကို ဖမ်းဆီးရမိခြင်းမရှိသေး

စာ - ၇ သို့ »

## နိုင်ငံတကာဈေးကွက်ကို ထိုးဖောက်နိုင်တဲ့အထိ ကွာလတီကောင်းကောင်း ဆက်လက်ရိုက်ကူးသွားမယ်ဆိုတဲ့ 'ဂီလာ' ရုပ်ရှင်ဒါရိုက်တာ ဒီထဲဒီ

စာ - ၁၃ သို့ »

## ကျန်းမာရေးနှင့်မညီသော ဓာတုဆိုးဆေးပါ အစားအစာများ ရောင်းချပါက အပြစ်ဒဏ်ချမှတ်သွားမည်

စာ - ၁၁ သို့ »

## ဗုန်ဂန် FC အသင်းကို ကချင်ယူနိုက်တက် FC အမည်ဖြင့် ပြောင်းလဲယှဉ်ပြိုင်

စာ - ၁၉ သို့ »

# တပ်မတော် စစ်ရေးထောက်ပံ့မှုနှင့် စစ်ကူဖြည့်တင်းမှု ဆက်လက်မပြုလုပ်နိုင်ရန် ဆွမ်ပရာဘွမ်လမ်းမှ တံတားအချို့ကို ဖျက်ဆီးခဲ့ကြောင်း ကေအိုင်အေဝန်ခံ



စာ - ၂ သို့ »

စစ်ရှောင်စခန်းတစ်နေရာတွင် တွေ့ရသော KIA စစ်သားနှစ်ဦး

ဓါတ်ပုံ - Hkun Lat

# တပ်မတော်စစ်ရေးထောက်ပံ့မှုနှင့် စစ်ကူဖြည့်တင်းမှု ဆက်လက်မပြုလုပ်နိုင်ရန် ဆွမ်ပရာဘွမ်လမ်းမှ တံတားအချို့ကို ဖျက်ဆီးခဲ့ကြောင်း ကေအိုင်အေဝန်ခံ





ဆွမ်ပရာဘွမ်လမ်းတံတားအချို့ ဖျက်ဆီးခံရပုံ

ဇန်နဝါရီ ၃၀

တပ်မတော်ဘက်က စစ်ရေးထောက်ပံ့မှုနှင့် စစ်အင်အားဖြည့်တင်းမှုများ ထပ်မံမပြုလုပ်နိုင်စေရန် မြစ်ကြီးနား - ဆွမ်ပရာဘွမ် - ပူတာအိုလမ်းရှိ တံတားအချို့ကို ဖျက်ဆီးခဲ့ခြင်းဖြစ်ကြောင်း ကေအိုင်အိုသတင်းနှင့် ပြန်ကြားရေးဌာနမှ တာဝန်ရှိသူတစ်ဦးက ဝန်ခံပြောဆိုခဲ့သည်။

"ကားလမ်းတွေ၊ တံတားတွေဆိုတာက ငြိမ်းချမ်းတဲ့အချိန်မှာပဲ ပြည်သူတွေက သုံးကြတာ။ စစ်ပွဲဖြစ်ချိန်မှာက လမ်းတံတားဆိုတာက စစ်ရေးထောက်ပံ့မှုအတွက် အဓိကဖြစ်နေတယ်။ ဒါကြောင့် စစ်ရေးထောက်ပံ့မှုတွေ မရနိုင်အောင်၊ စစ်အင်အားတွေ ထပ်မဖြည့်နိုင်အောင် လုပ်လိုက်တာဖြစ်တယ်"ဟု KIA သတင်းနှင့် ပြန်ကြားရေးဌာနမှ တာဝန်ရှိသူတစ်ဦးက ပြောသည်။

ကေအိုင်အေတပ်ဖွဲ့သည် ဆွမ်ပရာဘွမ်မြို့နယ်အနီး ပူတာအိုလမ်းပိုင်း မိုင်တိုင် ၁၁၁ တွင်ရှိသည့် စီနင်ခ ချောင်းကူးတံတားနှင့် ဇနန်တံတားနှစ်စင်းကို ဇန်နဝါရီ ၂၈ ရက်က ဖျက်ဆီးခဲ့ခြင်းနှင့်ပတ်သက်၍ အထက်ပါအတိုင်းဖြေကြားခဲ့ခြင်းဖြစ်သည်။

တပ်မတော်က စစ်အင်အားသုံးပြီး KIA တပ်စခန်းများဖြစ်ရှိရာ ဆွတ်မိုင်ယန်၊ မလိယန်စသည့်ကျေးရွာများတွင် ပစ်ခတ်တိုက်ခိုက်လာသောကြောင့် တံတားနှစ်စင်းကို ဖျက်ဆီးလိုက်ရခြင်းဖြစ်သည်ဟုလည်းဆိုသည်။

တံတားနှစ်စင်းအား မဖျက်ဆီးမီ ဇန်နဝါရီ ၂၂ ရက်က KIA တပ်မဟာ(၁)မှူး (ကိုယ်စား) က လမ်းတံတားဆောက်လုပ်ရေးကုမ္ပဏီများနှင့် ဆောက်လုပ်ရေးအထူးအဖွဲ့ထံ လုပ်ငန်းများ ရပ်ဆိုင်းပေးရန် အကြောင်းကြားစာ ပေးပို့ခဲ့ကြောင်း သိရသည်။

ထိုပေးပို့စာထဲတွင် "လတ်တလောဖြစ်ပွားနေသော စစ်ရေး၊ နိုင်ငံရေးအခြေအနေအရ မြစ်ကြီးနား - ဆွမ်ပရာဘွမ် - ပူတာအို လမ်းတံတားဆောက်လုပ်ရေးလုပ်ငန်းများ လုပ်ဆောင်ရန် မသင့်လျော်သောကြောင့် ချက်ချင်းရပ်ဆိုင်းပြီး မိမိတို့၏ နေရပ်အသီးသီးသို့ ထွက်ခွာရန်နှင့် ထိုအကြောင်းကြားစာကို လိုက်နာမှုမရှိခြင်းကြောင့် ဖြစ်ပေါ်လာသည့် ပြဿနာများသည် သက်ဆိုင်ရာ ကုမ္ပဏီနှင့်ဆောက်လုပ်ရေးအဖွဲ့၏ တာဝန်သာဖြစ်သည်"ဟု ရေးသားထားသည်။

ထိုအကြောင်းကြားစာနှင့်ပတ်သက်၍ ဆွမ်ပရာဘွမ်နှင့် ပူတာအိုလမ်းတံတား ဆောက်လုပ်နေသည့်အဖွဲ့မှ တာဝန်ရှိသူတစ်ဦးက "အများပြည်သူအတွက်လုပ်ပေးနေတဲ့ အဖွဲ့အစည်းကို အဲဒီလို လုပ်တာမကောင်းဘူးထင်တယ်။ ကိုယ့်ဒေသဖွံ့ဖြိုးဖို့အတွက် သူတို့ကတောင် လုံခြုံအောင် လုပ်ပေးရမယ့်ဟာကို။ စစ်ရေးတင်းမာလို့ လုပ်ချင်ရင်လည်း သက်ဆိုင်ရာအဖွဲ့ပဲ လုပ်ပေါ့။ သတိပေးစာ ပေးတာတော့ ဟုတ်ပါပြီ။ ဒါပေမယ့် ကျွန်တော်တို့ကိုပြင်ဆင်ချိန် ပေးရမယ်လေ" ဟု မြစ်ကြီးနားသတင်းဂျာနယ်သို့ ပြောသည်။

> “ကားလမ်းတွေ၊ တံတားတွေဆိုတာက
> ငြိမ်းချမ်းတဲ့အချိန်မှာပဲ
> ပြည်သူတွေက သုံးကြတာ။ စစ်ပွဲဖြစ်ချိန်မှာက
> လမ်းတံတားဆိုတာက
> စစ်ရေးထောက်ပံ့မှုအတွက်
> အဓိကဖြစ်နေတယ်။ ဒါကြောင့်
> စစ်ရေးထောက်ပံ့မှုတွေ မရနိုင်အောင်၊
> စစ်အင်အားတွေ ထပ်မဖြည့်နိုင်အောင်
> လုပ်လိုက်တာဖြစ်တယ်”

အသိပေးစာကြောင့် လုပ်ငန်းများရပ်ဆိုင်းလိုက်ရသဖြင့် ၂၀၀၆ - ၂၀၀၇ ဘဏ္ဍာနှစ်ဘတ်ဂျက်ဖြင့် ဝယ်ယူထားသော လုပ်ငန်းသုံးပစ္စည်းများနှင့် ဌာနမှငွေမထုတ်ပေးခင်က အကြွေးစနစ်ဖြင့် အရစ်ကျဝယ်ယူထားသည့် လုပ်ငန်းသုံးပစ္စည်းများမှာ ပြန်လည်အသုံးပြု၍ ရတော့မည်မဟုတ်သဖြင့် ဆုံးရှုံးခံရတော့မည်ဖြစ်ကြောင်း လမ်းတံတားဆောက်လုပ်ရေးအဖွဲ့မှ တာဝန်ရှိသူက ဆက်လက်ပြောကြားသည်။

"အလုပ်သမားတွေကိုလည်း ရေရှည်ကြည့်ပြီး တစ်လမှာ ယောကျ်ားဆိုနှစ်သိန်း၊ မိန်းကလေးဆို တစ်သိန်းခွဲနဲ့ စရိတ်ငြိမ်းခေါ်ထားတာ။ အခုစစ်ဖြစ်လို့ အလုပ်နားထားလို့ဆိုပြီး လစာမပေးလို့မဖြစ်ဘူး။ လုပ်ငန်း ဘယ်အချိန်စမလဲဆိုတာတော့ တပ်ဘက်က သဘောထား ဘယ်လိုဖြစ်မလဲဆိုတဲ့ပေါ်မှာပဲ မူတည်တယ်" ဟု ၎င်းကရှင်းပြသည်။

"ဒီလိုသာ ဆက်ဖြစ်နေမယ်ဆိုရင် ဆွမ်ပရာဘွမ်ဘက်က ပြည်သူတွေ စားနပ်ရိက္ခာ ဘယ်လိုမှ မရနိုင်တော့ဘူး။ တပ်မတော်ဘက်က ခါရန်းယန်နဲ့ ဆွမ်ပရာဘွမ်မှာပဲ လုံခြုံရေးပေးထားတော့ ကျန်တဲ့နေရာမှာ လုံခြုံရေးမရှိဘူး။ လမ်းအလုပ်သမားတွေ အားလုံးလည်း ခါရန်းယန်မှာ ခဏနေကြတယ်"ဟု ၎င်းကဆက်လက်ပြောသည်။

ထိုသို့ လမ်းတံတားများ ပျက်စီးသွားခြင်းကြောင့် ပူတာအိုမြို့နယ်နှင့် ဆွမ်ပရာဘွမ်မြို့နယ်အနီးတစ်ဝိုက်ရှိ ကျေးရွာများတွင် ကုန်ဈေးနှုန်းအလွန်မြင့်တက်လာပြီး ဒေသခံပြည်သူများ စားဝတ်နေရေး ကျပ်တည်းမှု ကြုံတွေ့နေရသည်ဟုလည်း ဒေသခံများထံမှ သိရသည်။

"တကယ်လို့ ဒီနှစ်မှာ အဲဒီတံတားတွေ ပြင်လို့မရတော့ဘူးဆိုရင် ခက်ပြီ။ အကုန်လုံးက လမ်းကောင်းလာပြီဆိုပြီး မပူမပင်နဲ့ ကုန်ပစ္စည်းတွေကို အများကြီး မစုထားဘူးလေ။ အခုအဲဒီလိုဖြစ်သွားတော့ကုန်သည်တွေက ရှိတဲ့ပစ္စည်းတွေကိုတောင် မရောင်းချင်တာတွေ၊ လိုချင်သလောက် မရောင်းပေးတော့တာတွေ ဖြစ်နေပြီ"ဟု ပူတာအိုဒေသခံ ဦးခီဆာဘော်က ပြောသည်။

ယခင်လမ်းပန်းဆက်သွယ်ရေး မကောင်းချိန်က ထိုဒေသရှိ ပြည်သူများနှင့် ကုန်သည်များသည် လိုအပ်သည့်ပစ္စည်းများကို သိုလှောင်ထားလေ့ရှိကြသော်လည်း ယခုနှစ်တွင်မူ ကုန်ကားများ နေ့စဉ်သွားလာနိုင်သည်အထိ လမ်းပန်းဆက်သွယ်ရေး ကောင်းမွန်လာသည့်အတွက် ကုန်ပစ္စည်းများကို သိုလှောင်ထားခြင်း မရှိသောကြောင့် ယခင်နှစ်များက ထက်ပို၍ ခက်ခဲနေခြင်းဖြစ်သည်ဟု ဒေသခံများက သုံးသပ်နေကြသည်။

"ကျွန်တော်တို့က လက်ဖက်ရည်ဆိုင်ဖွင့်ပြီးနေတာ။ အခုက နေ့စဉ် လက်ဖက်ရည်ဆိုင်မှာ လိုအပ်တဲ့ ပစ္စည်းတွေကို လုံလောက်စွာ မရနိုင်တဲ့အပြင် နောက်ဆို ဆိုင်တောင်ပိတ်ထားရမယ့် အနေအထား ရှိနေပါတယ်။ အဲဒီလိုသာ ဆိုင်ပိတ်ထားလိုက်ရင်တော့ မိသားစု စားဝတ်နေရေး အခက်အခဲကြုံလာနိုင်တယ်"ဟု ပူတာအိုဒေသခံဦးသိန်းထိုက်က ပြောသည်။

နှစ်ဖက်စစ်တပ်အကြားစစ်ရေးတင်းမာနေခြင်းကြောင့် အဓိကနစ်နာကြရသူများမှာ ပြည်သူများ ဖြစ်သည့်အတွက် အမြန်ဆုံး သင့်မြတ်လာရန် တောင်းဆိုလိုကြောင်း ဒေသခံများက ပြောသည်။

လက်ရှိအချိန်တွင် မလိခ အနောက်ဘက် လောဒ်မိုင်ယန်၌ တိုက်ပွဲများဆက်လက်ဖြစ်ပွားနေကြောင်း၊ ဇန်နဝါရီလ ၂၉ ရက်ကလည်း တပ်မတော်က မလိမြစ်ဖျားရှိ မလိယန်ကျေးရွာမှ ဒေသခံများ၏ ရွှေဖောင်များကိုလက်နက်ကြီးများဖြင့် ပစ်ခတ်ဖျက်ဆီးခဲ့ပြီး စက်ယန္တရားများကိုလည်း မီးရှို့ဖျက်ဆီးခဲ့ကြောင်း KIA သတင်းနှင့် ပြန်ကြားရေးဌာနမှ သိရသည်။

မွန်းမွန်းပန်၊ လဗိုင်လု

# ကေအိုင်အို၏ ဆဋ္ဌမမြောက် ဥက္ကဋ္ဌသစ်ဗိုလ်ချုပ်ကြီးအင်ဘန်လ ကျမ်းသစ္စာကျိန်ဆို



ကေအိုင်အိုဥက္ကဋ္ဌအသစ် ဗိုလ်ချုပ်ကြီးအင်ဘန်လအား ဘာသာပေါင်းစုံဆရာတော်များက ဆုတောင်းကောင်းချီးပေးနေပုံ ဓါတ်ပုံ - Hkun Awng N-Lam

ဇန်နဝါရီ ၂၈

ဗိုလ်ချုပ်ကြီးအင်ဘန်လသည် ကေအိုင်အိုဥက္ကဋ္ဌတာဝန်ကို ဗိုလ်ချုပ်ကြီးလဇော်ဖောင်ခရားထံမှ လွှဲပြောင်းလက်ခံခဲ့ပြီး ကေအိုင်အိုသမိုင်းတွင် ပထမဆုံးဖြစ်သော ကျမ်းသစ္စာကျိန်ဆိုပွဲကို ဇန်နဝါရီလ ၂၇ ရက်က လိုင်ဇာမြို့တွင် ပြုလုပ်ခဲ့ကြောင်း သိရသည်။

ထိုကျမ်းသစ္စာဆိုပွဲတွင် ဗိုလ်ချုပ်ကြီးအင်ဘန်လက ကချင်အမျိုးသားအလံနှင့် သမ္မာကျမ်းစာပေါ်တွင် လက်တင်၍ သစ္စာဆိုခဲ့ပြီး ဂိုဏ်းပေါင်းစုံမှ ဘာသာရေးအကြီးအကဲများက ဆုတောင်းမှုပြုပေးခဲ့သည်ဟု ကေအိုင်အိုအေသတင်းနှင့် ပြန်ကြားရေးဌာနမှ ဗိုလ်မှူးကြီးနော်ဘူက မြစ်ကြီးနားသတင်းဂျာနယ်သို့ ပြောသည်။

"ပြီးခဲ့တဲ့ဥက္ကဋ္ဌတွေတုန်းက အခုလိုတာဝန်လွှဲအပ်ချိန်မှာ အသင်းတော်တွေနဲ့ဆုတောင်းပြီးလွှဲအပ်တာမျိုးမရှိခဲ့ဘူး။ မရှိဘူးဆိုတာက သေဆုံးသွားတဲ့အချိန်မှာမှ နောက်တစ်ယောက်ကို လွှဲအပ်တာမို့လို့လေ။ အခုတော့ သမိုင်းဝင်ဖြစ်သွားတာပေါ့"ဟု ဗိုလ်မှူးကြီးနော်ဘူက ရှင်းပြပြောဆိုသည်။

ပဟိုဌာနချုပ်၏ လုပ်ငန်းစဉ်အားလုံးကိုမူ စုပေါင်းဆွေးနွေးဆုံးဖြတ်ပြီးနောက်မှ ပြန်လည်ခွဲဝေပေးသွားမည်ဖြစ်ကြောင်း၊ ကေအိုင်အို၏ လုပ်ငန်းများလည်ပတ်ရာတွင် အဆင်ပြေချောမွေ့စေရန် ပြည်သူများအနေဖြင့်လည်း ပူးပေါင်းပါဝင်သင့်ကြောင်းကို ကျမ်းသစ္စာကျိန်ဆိုပွဲတွင် ဗိုလ်ချုပ်ကြီးအင်ဘန်လက ပြောခဲ့သည်ဟု သိရသည်။

"ဒါပေမယ့် ပြည်သူတွေအနေနဲ့ လုပ်နိုင်တာနဲ့ လုပ်သင့်တာမျိုးကို ပညာပေးတာက အကောင်းဆုံးဖြစ်တယ်လို့ ပြောတယ်။ နောက်တစ်ခုက နိုင်ငံရေးတော်လှန်ရေးကို အောင်မြင်နိုင်ဖို့ ကျွန်တော်တို့ တိုင်းရင်းသားတွေ စည်းလုံးရမယ်။ တိုင်းရင်းသားတွေ ကွဲပြားသွားခြင်း မရှိစေရဘူး။ နိုင်ငံရေးကို ဖက်ဒရယ်နည်းလမ်းအတိုင်း ဆက်ပြီး အခြားတော်လှန်ရေးအဖွဲ့တွေနဲ့ လက်တွဲလုပ်ဆောင်သွားဖို့ဆိုတာတွေ ပြောခဲ့တယ်"ဟု ဗိုလ်မှူးကြီးနော်ဘူက ပြန်လည်ပြောပြသည်။



ဗိုလ်ချုပ်ကြီးအင်ဘန်လ၏ ကျမ်းသစ္စာကျိန်ဆိုပွဲသို့ တက်ရောက်လာသူများသည် အသင်းတော်အသီးသီးနှင့် ဌာနဆိုင်ရာများမှ တာဝန်ရှိသူများဖြစ်ပြီး ၎င်းတို့က Magun Shat Lit (ကချင်ထုံးစံအရ ကောက်ညှင်း၊ ကြက်ဥ၊ ကြက်နှင့်အခြားအစားအသောက်အချို့ကို ပလိုင်းတွင်းထည့်၍ ပေးကမ်းရသော လက်ဆောင်ပစ္စည်းတစ်မျိုး)များဖြင့် ဗိုလ်ချုပ်ကြီးအင်ဘန်လအား ဂုဏ်ပြုချီးမြှင့်ခဲ့ကြကြောင်း သိရသည်။

ဗိုလ်ချုပ်ကြီးအင်ဘန်လသည် ကေအိုင်အို၏ဆဋ္ဌမမြောက်ဥက္ကဋ္ဌဖြစ်ပြီး ယခင်ဥက္ကဋ္ဌများမှာ GOC ဇော်ဆိုင်း၊ မရန်ဘရန်ဆိုင်း၊ မလိဇွပ်ဇော်မိုင်၊ လမုန်တူးဂျိုင်၊ လဇော်ဖောင်ခရားတို့ ဖြစ်သည်။

၂၀၀၆ ခုနှစ်မှ စတင်၍ ကေအိုင်အို၏ ဥက္ကဋ္ဌအဖြစ်တာဝန်ယူခဲ့သည့် ဦးလဇော်ဖောင်ခရားသည် အသက်အရွယ်ကြီးရင့်လာခြင်းကြောင့် ၎င်း၏ ဥက္ကဋ္ဌတာဝန်ဝတ္တရားများကို ဗိုလ်ချုပ်ကြီးအင်ဘန်လအား လွှဲပြောင်းပေးအပ်ခဲ့ခြင်းဖြစ်သည်။

လဖိုင်လု

AKZ GROUP
High Class
AIR-CON , AIR SUSPENSION
EXPRESS
မြစ်ကြီးနား ⇌ မိုးကောင်း ⇌ ဟိုပင် ⇌ မိုးညှင်း ⇌ ရန်ကုန် (တိုက်ရိုက်)

Vip 1+1+1 TABLET အထူးကားသစ်ကြီးများဖြင့်
နေ့စဉ် နံနက် ၁၁း၀၀နာရီ ပြေးဆွဲနေပါပြီ ...
✔ မြစ်ဖျားဈေးအဝေးပြေးယာဉ်ရပ်နားစခန်း
✔ အဝင်လမ်း၊ အခန်းနံပါတ် (၂၉) တွင်လာရောက်စီးနင်းနိုင်ပါသည်။

မြစ်ကြီးနား - 0930242433, 09253186611,0949213323 ၊ ရန်ကုန် - 09420225777, 09420225888, 09793211170, 09793211180

မြစ်ကြီးနားသတင်းဂျာနယ်

အမှုဆောင်အရာရှိချုပ်
ဘရန်မိုင်၊ ဇော်ခွန်း

တာဝန်ခံ အယ်ဒီတာ
ဆိုင်းမိုင်

အယ်ဒီတာ
ငြိမ်းပြည့်စုံ

သတင်းထောက်
Salai၊ စည်သူ၊ မွန်းမွန်းပန်၊ အက်စတာ၊ ဆိုင်းထွယ်ဖင်၊ ဆိုင်းလတ်အောင်ဆန်လတ်၊ ကျော်ကျော်ဦး(စစ)

နယ်သတင်းထောက်
သန်းထွန်းအောင်၊ အောင်ခမ်း(ပူတာအို)

စာပြင်
ဇော်နိုင်ဦး

ကွန်ပျူတာစာစီ
ဝဝဝဝအောင်

ဂရပ်ဖစ်ဒီဇိုင်း၊ သတင်းစာဒီဇိုင်း
N-Hkai La Tawng၊ Shadau San Awng (L.B.Y)

မြစ်ကြီးနားရုံးတာဝန်ခံ
နိုနိုထက်နိုင်

မိုးညှင်းရုံးတာဝန်ခံ
နန်ဂျာ

စာရင်းကိုင်
နန်အောင်၊ ဘောက်နူးဂျာ

စီးပွားရေးတာဝန်ခံ
အိဇင်ဖြိုး၊ ဂျာဇင်

ဖြန့်ချိရေးတာဝန်ခံ
ဇော်ထုံ

တန်ဖိုး
၅၀၀ ကျပ်

ဖလင်
KING

ထုတ်ဝေသူ
ဒေါ်ရွှေယဉ်
မှတ်ပုံတင်အမှတ်- ၀၀၀၉(မြ)

ပုံနှိပ်တိုက်
ရွှေကျား (၀၀၅၇၀)

ဆက်သွယ်ရန်
အမှတ်(၁၆၄)၊ အင်ဂျန်ဒုံတောင်၊ တပ်ကုန်းရပ်ကွက်၊ မြစ်ကြီးနားမြို့။
ဖုန်း- ၀၇၄ - ၂၅၂၀၀၅
၀၉ - ၂၅၉၀၇၇၄၀၅
၀၉ - ၂၅၆၇၆၀၂၇၄
myitkyinajournal@gmail.com
myitkyinanewsjournal@facebook.com

ဤပုံနှိပ်မှုတ်တမ်းတွင် ဖော်ပြထားသူများသော မြစ်ကြီးနားသတင်းဂျာနယ်၏ တာဝန်ရှိသူများဖြစ်သည်။ မြစ်ကြီးနားသတင်းဂျာနယ်တွင် ဖော်ပြပါရှိသော သတင်းများအတွက် ငွေကြေးတောင်းလည်းကောင်း၊ ထိန်းလက်ဆောင်တောင်းလည်းကောင်း၊ လက်ခံရသူဖြစ်စေ ဤပုံမှုတ်တမ်းပါ မည်သည့်ပုဂ္ဂိုလ်ကိုမျှ ခွင့်မပြုပါ။ မြစ်ကြီးနားသတင်းဂျာနယ် ရင်ဆိုင်ထပ်ဆင့်ထားသူများသော မြစ်ကြီးနားသတင်းဂျာနယ် သတင်းထောက်ဖြစ်ပါသည်။

# တပ်မတော်က ဖမ်းဆီးသွားသော မိန်းကလေးနှစ်ဦး ကေအိုင်အေစစ်သမီး ဟုတ်မဟုတ် စစ်ဆေးခံရဟုဆို

ဇန်နဝါရီ ၃၀

တပ်မတော်က တနိုင်းမြို့နယ် KIA တပ်ရင်း ၁၄ လက်အောက်ခံ ပေါက်ဝအခွန်ကြီးကြပ်ရေးဂိတ်မှ အမျိုးသမီးဝန်ထမ်းနှစ်ဦးအား ဖမ်းဆီးခေါ်ဆောင်သွားပြီးနောက်တွင် ၎င်းတို့နှစ်ဦးကို ကေအိုင်အေစစ်သမီး ဟုတ်မဟုတ် စစ်ဆေးကာ ပြန်လွှတ်ခဲ့ကြောင်း သိရသည်။

၎င်းတို့နှစ်ဦးမှာ တနိုင်းမှ မဆိုင်းအိန်နှင့် ဟိုပင်မှ မဂျာမိုင်တို့ဖြစ်ကြပြီး တက္ကသိုလ်နောက်ဆုံးနှစ် ကျောင်းသူများဖြစ်၍ ကျောင်းပိတ်ချိန် ဝင်ငွေရရှိရန် ထိုပေါက်ဝ KIA ဂိတ်တွင် အလုပ်ဝင်ရောက်လုပ်ကိုင်ခြင်းဖြစ်သည်ဟု မဂျာမိုင်ကပြောသည်။

"စစ်ဗိုလ်လားတော့ မသိဘူး။ ကျမတို့နှစ်ယောက်ကို ကေအိုင်အေ စစ်သမီးတွေလား၊ စစ်သားမိန်းမတွေလား ဆိုပြီးမေးတယ်။ ကျွန်မတို့က အဲဒါတွေ မဟုတ်ကြောင်း၊ ကျောင်းစရိတ်ရဖို့ ပိုက်ဆံလာရှာတာဖြစ်ကြောင်း ရှင်းပြတော့ နာမည်တွေ၊ အိမ်လိပ်စာတွေမေးပြီး ကြိုးတုပ်လျက်နဲ့ ပေါက်ဝရွာဘက်ကို ပြန်ခေါ်လာပေးတယ်။ နောက်တော့ ဗျူဟာမှူးက ကျွန်မတို့ကို အိ-ခြေမပျက်စေရဘူး။ အသက်လည်း မဆုံးစေရဘူး။ မိသားစုနဲ့လည်းပြန်ဆုံရမယ်ဂါအာမခံတယ်လို့ ပြောတယ်"ဟု ၎င်းတို့က ရှင်းပြသည်။

၎င်းတို့အား စစ်ဆေးမေးမြန်းပြီးနောက် ဇန်နဝါရီလ ၂၉ ရက် နေ့လယ် ၀ နာရီခန့်တွင် ၎င်းတို့နှစ်ဦးအား ငွေကျပ်တစ်သိန်းစီပေး၍ ပယင်းမော်မှထွက်လာကြသူအချို့နှင့်အတူ ပြန်လွှတ်ပေးခဲ့ကြောင်း သိရသည်။



တပ်မတော်မှ ဖမ်းဆီးခေါ်ဆောင်သွားသော မိန်းကလေးနှစ်ဦး နေအိမ်သို့ ပြန်လည်ရောက်ရှိပုံ

မဆိုင်းအိန်နှင့် မဂျာမိုင်သည် ဒီဇင်ဘာလမှစတင်ပြီး ကေအိုင်အေအခွန်ကြီးကြပ်ရေးဂိတ်သို့ ရောက်ရှိနေခြင်းဖြစ်ကြောင်း၊ ထိုဂိတ်တွင် အလုပ်လုပ်ကိုင်သည့်ဝန်ထမ်းများအားလုံး တစ်လလျှင် ငွေကျပ် ၁၂၀၀၀၀ လုပ်ခလစာရကြောင်း သိရသည်။

လက်ရှိအချိန်တွင် တပ်မတော်နှင့် ကေအိုင်အေတပ်ဖွဲ့အကြား ပြင်းထန်သည့်တိုက်ပွဲများ နေ့စဉ်ဖြစ်ပွားနေပြီး ကေအိုင်အေ တပ်ရင်း ၁၄ နယ်မြေတွင် တပ်မတော်က စစ်ကြောင်း ၇ ကြောင်းရှိသော စစ်အင်အားများနှင့် နေ့စဉ်လှုပ်ရှားတိုက်ခိုက်နေကြောင်း သိရသည်။

လဖိုင်လု

# တနိုင်းတွင် ပစ်ခတ်မှု၌ တပ်မတော်ဘက်တွင် ရုရှားတပ်အကူ ပါဝင်နိုင်ဟု ကေအိုင်အေခန့်မှန်း





ဇန်နဝါရီ ၂၇

တနိုင်းတွင်ဖြစ်ပွားခဲ့သည့် ပစ်ခတ်မှုတွင် တပ်မတော်ဘက်မှ ရုရှားတပ်၏ အကူအညီများပါဝင်နိုင်သည်ဟု ကေအိုင်အေက ခန့်မှန်းပြောဆိုခဲ့သည်။

"အရမ်းမြန်တယ် ပုံးဘယ်နှကြိမ်ချတယ်ဆိုတာ တောင်မပြောနိုင်တော့ဘူး။ သူတို့က ၃ ကြိမ်ပတ်ပြီး ပစ်ချတာ။ သူတို့မသက်ာတဲ့နေရာတွေကို လေယာဉ်ပေါ်ကနေပစ်ပြီး ပုံးတွေချတာဒီတစ်ခါ လာပစ်တာက တပ်မတော်ကပဲ မဖြစ်နိုင်ဘူး။ ရုရှားတွေ ပါသလားတောင်မသိဘူး။ အရမ်းကျွမ်းတယ် အရင်တစ်ခါလာပစ်တာထက် ပိုမြန်တယ်"ဟု ရှေ့တန်းမှ ကေအိုင်အေအရာရှိတစ်ဦးကပြောသည်။

ဇန်နဝါရီ ၂၆ ရက်နေ့ က တပ်မတော်ဘက်မှ ကေအိုင်အေ တပ်မဟာ (၂)တပ်ရင်း (၁၄) နယ်မြေရှိ မော်ကျေးရွာတွင် လေတပ်ဖြင့် ပစ်ခတ်ခဲ့သောကြောင့် ပြည်သူ ၂ သေဆုံးပြီး ၅ ဦး ဒဏ်ရာရရှိခဲ့ဟု သိရသည်။

"ပထမက နမ္မတီးဘက်က နေလာတယ်။ နောက်တော့ လီဗိုလမ်းအတိုင်း တနိုင်းဘက်မြစ်အတိုင်းလာတာ။ တိုက်လေယာဉ်မှာတပ်ထားတဲ့ အဇေဂန်းနဲ့ ပစ်ပြီးတော့ ပုံးတွေကျဲတာ။ လေယာဉ်နဲ့ပစ်လို့ ပြည်သူတွေ သေဆုံးဒဏ်ရာရကုန်တယ်"ဟုကေအိုင်အေမှအရာရှိတစ်ဦးက ပြောသည်။

ထိုပစ်ခတ်တိုက်ခိုက်မှုကြောင့်ပယင်းမော်ကျေးရွာသို့ လာရောက် အလုပ်လုပ်ကိုင်သည့် ဦးထွန်းထွန်းနိုင်(၂၇ နှစ်)၊ ဒေါ်ဆိုင်းရာ(၃၀နှစ်)။ တို့သေဆုံးပြီးမတိန့်ဖေဦးမင်းဟိဏ်းထွန်း၊ဒေါ်တိန့်နမ်၊မဂျာနူးအောင်နှင့် ကိုကျော်အောင်တို့မှာ ဒဏ်ရာများရရှိသွားသည်ဟု သိရသည်။

ထို့ပြင် ဝါရာဇွပ်ကျေးရွာတွင် နေထိုင်သည့် ဦးဖော်တုန်ဘရန်တောင်မှာလက်နက်ကြီးကျခြင်းကြောင့် ချောက်ထဲသို့ လွင့်စင်သွားပြီး ၎င်းအားနောက်တစ်နေ့နံနက်ဇန်နဝါရီလ ၂၇ ရက်နေ့မှ ပြန်လည်ရှာဖွေတွေ့ရှိသဖြင့် တနိုင်းဆေးရုံသို့ ပို့ဆောင်ခဲ့ကြောင်း သိရသည်။

အဆိုပါ တပ်မတော်၏ ပုံးကျဲပစ်ခတ်ခြင်းကြောင့် မော်ကျေးရွာရှိ နေအိမ် ၄ လုံး ပျက်စီးသွားကြောင်းလည်း သိရသည်။

ထိုသို့ လေယာဉ်များဖြင့် ပုံးကျဲပစ်ခတ်ခြင်းများ ပြုလုပ်အပြီးတွင် တပ်မတော်က ၎င်းတို့၏ မိုင်းခွန်စခန်းမှ ပယင်းမော်ရှိ ဆီးဖြူကုန်းနေရာသို့ လက်နက်ကြီး ၁၀၅ မမ ဖြင့် အကြိမ်ကြိမ်ထပ်မံ ပစ်ခတ်ခဲ့သည်ဟု ကေအိုင်အေအရာရှိက ပြောသည်။

လက်ရှိအချိန်တွင် ကေအိုင်အေနယ်မြေရှိ ဆီးဖြူကုန်းမော်၌ဒေသခံ ပြည်သူ ၁၀၀၀ ကျော်နေထိုင်လျက်ရှိကြောင်း သိရသည်။

တပ်မတော်က တနိုင်းမြို့နယ် အနီးတစ်ဝိုက်တွင်ရှိသည့် ရွှေမော်၊ ပယင်းမော်များတွင် နယ်မြေရှင်းလင်းရေး ပြုလုပ်မည်ဖြစ်သည့်အတွက် လာရောက်အလုပ်လုပ်ကိုင်နေကြသူများနေရပ်ပြန်ကြရန် ၂၀၁၇ ခုနှစ် ဇွန်လ ၁၅ ရက် မတိုင်မီက ရဟတ်ယာဉ်ဖြင့် အကြောင်းကြားစာများကျဲချခဲ့သည်။

လဖိုင်လု၊ ဆန်လတ်

# တနိုင်းတိုက်ပွဲကြောင့် ပိတ်မိနေသော ပြည်သူများကို အစိုးရက ကူညီပေးစေလိုကြောင်း KNC တိုက်တွန်း



၂၀၁၇ တွင် ထွက်ပြေးတိမ်းရှောင်ခဲ့ကြသော တနိုင်းဒုက္ခသည်များ

ဓါတ်ပုံ - Hkun Lat

ဇန်နဝါရီ ၃၀

မြန်မာ့တပ်မတော်နှင့် ကေအိုင်အေတပ်ဖွဲ့ အကြားဖြစ်ပွားနေသော တိုက်ပွဲများကြောင့် တနိုင်းမြို့နယ်၊ ဟူးကောင်းဒေသရှိ မော်ဒေသများတွင် ပြည်သူ ၃၀၀၀ ကျော် ပိတ်မိနေမှုနှင့်ပတ်သက်၍ ပြည်နယ်အစိုးရက ကူညီပေးရန် ကချင်အမျိုးသားကွန်ဂရက်ပါတီ (KNC) အနေဖြင့် တိုက်တွန်းကြောင်း ဇန်နဝါရီ ၂၉ ရက်က သဘောထားထုတ်ပြန်ခဲ့သည်။

ထိုထုတ်ပြန်ချက်ထဲတွင် အပြစ်မဲ့ပြည်သူ ၃၀၀၀ ကျော် တောထဲတွင် ဒုက္ခကြုံတွေ့နေရခြင်းကို ကူညီရန်ပြင်ဆင်နေသည့် ကချင်ပြည်နယ် လူမှုအဖွဲ့အစည်းများကို လိုက်လျောပေးရန်နှင့် ကချင်ပြည်နယ်အစိုးရအပြင် လူမှုကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေး ပြည်ထောင်စုဝန်ကြီးဌာနတို့က ထိရောက်စွာကူညီပေးရန်တိုက်တွန်းကြောင်း ဖော်ပြထားသည်။

နှစ်ဘက် လက်နက်ကိုင်အဖွဲ့အစည်းအကြား ဖြစ်ပွားနေသည့်တိုက်ပွဲများကို မိမိတို့အနေဖြင့် မည်သို့မျှ ဝင်ရောက်စွက်ဖက်ခြင်းမရှိသော်လည်း တိုက်ပွဲကြောင့် ထိုနယ်မြေတွင် အခက်အခဲကြုံတွေ့နေရသည့် လူထုအတွက် စဉ်းစားပေးရန်လိုအပ်ကြောင်း ကချင်အမျိုးသားကွန်ဂရက်ပါတီ ဥက္ကဋ္ဌဒေါက်တာ M Kawn La က ပြောသည်။

"လက်နက်ကိုင်ဆိုတာလည်း တိုက်ကြရမှာပဲ။ တိုက်ကြတော့ ဘေးထွက်ဆိုးကျိုးဆိုတာ ရှိလာကြတာပဲ။ ရှိလာတဲ့အပေါ်မှာ ကျွန်တော်တို့လိုချင်တာက ပြည်သူလူထုကို ပြန်ကြည့်ဖို့ တိုက်တွန်းတာ။ စစ်ပွဲတွေကို ရပ်ဖို့၊ စစ်ဆင်ရေးတွေ ရပ်ဖို့ဆိုပြီး ဝင်မစွက်ဖက်ပါဘူး"ဟု ဒေါက်တာ M.Kawn La က ပြောသည်။

ဟူးကောင်းဒေသရှိ ပယင်းမော်နှင့် ရွှေမော်များတွင် ကချင်ပြည်နယ်သားများနှင့် ပြည်မမှ လာရောက်အလုပ်လုပ်ကိုင်သည့် ပြည်သူ ၃၅၀၀ ခန့်ရှိကြောင်း၊ လက်ရှိအချိန်တွင် ထိုသူများအားလုံး ပိတ်မိနေကြောင်း သိရသည်။

ဟူးကောင်းဒေသရှိ နမ့်ကောင်ကျေးရွာတွင် ပြည်သူ ၃ ထောင်ကျော် ပိတ်မိနေသကဲ့သို့ မလိခမြစ် အထက်ပိုင်းတွင်ရှိသည့် လမိုယန်၊ အင်ထန်ဇွပ်၊ ဆွမ်မာဘွမ်၊ ဆွမ်ပရာ စသည့် ကျေးရွာများမှ ပြည်သူ ၇၄၅ ဦးသည်လည်း တောတောင်များထဲတွင် ပိတ်မိနေသဖြင့် စိုးရိမ်ကြောင်း အထက်ပါထုတ်ပြန်ချက်ထဲတွင် ဖော်ပြထားသည်။

"ပြောချင်တာက ကျွန်တော်တို့ လူထု(ကချင်၊ဗမာ၊ရှမ်း)ကို ဒီနယ်မြေတွေမှာ တိရစ္ဆာန်လို မောင်းထားလို့ မရဘူး။ ထုတ်ပြန်ချက်က အဲဒါကို ထောက်ပြချင်တာ။ မနေ့က စပြီး နည်းနည်းစီလွှတ်လာပြီ။ အရှယ်ကောင်းတွေ အများကြီး ကျန်သေးတယ်။ တစ်ဖက်က တိုက်ခိုက်ရေးသမားလို့ မထင်စေချင်ဘူး။ သူတို့မှာလည်း ဥပဒေအရ ခံစားပိုင်ခွင့်တွေ အများကြီးရှိတယ်။ စစ်ဆင်ရေးနယ်မြေတွေမှာဆိုပြီး မချန်ထားသင့်ဘူး။ ဒါက အစိုးရမှာ တာဝန်ရှိတယ်ထင်လို့ထောက်ပြတဲ့သဘောပါ"ဟု ဒေါက်တာ M.Kawn La က မြစ်ကြီးနားသတင်းဂျာနယ်သို့ ပြောသည်။

တနိုင်းမြို့နယ်အတွင်း ၂၀၁၇ ခုနှစ် ဒီဇင်ဘာလမှ စတင်၍ ၂၀၁၈ ခုနှစ် ဇန်နဝါရီလ ၃၀ ရက်အထိ တိုက်ပွဲများ ဖြစ်ပွားနေပြီး ထိုတိုက်ပွဲများတွင် တပ်မတော်ဘက်က အသုံးပြု၍ ပုံးကျဲတိုက်ခိုက်မှုများ ပြုလုပ်ခဲ့ကြောင်း သိရသည်။

Salai




## Editorial အယ်ဒီတာ့အာဘော်

### အဂတိလိုက်စားမှုဥပဒေသစ်နှင့် ပြည်သူ့အခွင့်အရေး

မြန်မာပြည်ဝန်ထမ်းနဲ့ မှောင်ခိုသမားတွေကြား လောကမှာ ဆိုရိုးစကားတစ်ခုရှိတယ်။ "ပေါင်းစားရင် အသံမမြည်ဘူး၊ ကြော်စားရင် အသံမြည်တယ်"တဲ့။ ဆိုလိုတဲ့အဓိပ္ပါယ်က အတူတူဝေစားမျှစားလုပ်ရင် အများမသိအောင် ဝိုင်းဝန်းဖုံးဖိထားကြပြီး တစ်ဦးတစ်ယောက်တည်းက သို့မဟုတ် လူနည်းစုက ကျန်တဲ့လူတွေကို မပေးဘဲ တိတ်တဆိတ်ယူလိုက်တာမျိုးဆိုရင် မရတဲ့သူတွေက မကျေမနပ်ဖြစ်ပြီး ဟိုပြောဒီပြော လိုက်ပြောတာကိုဆိုလိုတာဖြစ်ပါတယ်။

ကချင်ပြည်နယ်မှာလည်း အခုတလော ဘယ်သူက ဘယ်လိုကြော်စား(ကျော်စား)လိုက်တယ်မသိဘူး၊ လုပ်ပိုင်ခွင့်ရှိတဲ့အကြီးအကဲပိုင်းထဲကနှစ်ယောက် ခြစားတယ်ဆိုတဲ့ အသံတွေ ထွက်လို့လာပါတယ်။ တကယ်တော့ စားနေတာက နှစ်ယောက်တည်းမကသလို အခုမှစားကြတာလည်း မဟုတ်ပါဘူး။ ထွက်လာတဲ့အသံက အစိုးရဘတ်ဂျက်နဲ့ အလုပ်ကိစ္စတစ်ခုခုကို လုပ်ခွင့်ရအောင် လျှောက်ထားတဲ့သူတွေအနေနဲ့ လုပ်ခွင့်ကျရင် အဲဒီအကြီးအကဲတွေကို ကဏ္ဍအလိုက် ရှစ်ရာခိုင်နှုန်း၊ ငါးရာခိုင်နှုန်း၊ သုံးရာခိုင်နှုန်းဆိုပြီး အသီးသီးပေးကြရတယ်ဆိုတဲ့အသံပါ။

လာဘ်ပေးလာဘ်ယူကိစ္စဆိုတာ ပေးသူနဲ့ယူသူ နှစ်ကိုယ်ကြားဆောင်ရွက်တဲ့ကိစ္စဖြစ်လေတော့ ဒီသတင်း မှန်၏မမှန်၏ ပြောဖို့ခက်ပါတယ်။ သို့သော်လည်း အသံထွက်လာတယ်ဆိုကတည်းက စိတ်မကောင်းစရာပါ။ ဘီလီယံ(သိန်းပေါင်း ၁၀၀၀၀) နဲ့ချီပြီး ချပေးတဲ့ငွေထဲက ရှစ်ရာခိုင်နှုန်းပဲဖြစ်ဖြစ်၊ တစ်ရာခိုင်နှုန်းပဲဖြစ်ဖြစ် ပြည်သူ့ပိုက်ဆံတွေဖြစ်နေလို့ ပြည်သူ့ပိုက်ဆံထဲက တစ်ကျပ်ယူရင်လည်း လာဘ်စားတာပါပဲ။

အဂတိလိုက်စားမှုဆိုတာ အများပြည်သူအကျိုးကို ဆောင်ရွက်ဖို့ ပေးအပ်ထားတဲ့ အာဏာနှင့်လုပ်ပိုင်ခွင့်ကို ပုဂ္ဂလိက ကိုယ်ကျိုးစီးပွားအတွက် အသုံးပြုတာအပြင် ခြိမ်းခြောက်ငွေညှစ်တာ၊ လိမ်လည်တာ၊ အလွဲသုံးစားလုပ်တာ၊ ဖော်လံဖားပြီး အကျိုးစီးပွားရှာတာ၊ ပြည်သူပိုင်ပစ္စည်းကို ကိုယ်ပိုင်အဖြစ်သုံးစွဲတာနှင့် ဩဇာကိုသုံးပြီး အလွဲသုံးစားလုပ်တာတွေပါဝင်ပါတယ်။

မြန်မာနိုင်ငံမှာ အဂတိလိုက်စားမှုတိုက်ဖျက်ရေးနဲ့ပတ်သက်လို့ ၂၀၁၃ မှာ ပုဒ်မ ၇၃ ခုပါတဲ့ ဥပဒေ ပြဋ္ဌာန်းခဲ့ပြီး အဂတိလိုက်စားမှု တိုက်ဖျက်ရေး ကော်မရှင်ဖွဲ့စည်းခဲ့ပါတယ်။ ကော်မရှင်သက်တမ်း ၄ နှစ်ခွဲကျော် အတွင်းမှာ တိုင်စာပေါင်း ၇၀၀၀ ကျော် ရှိပေမယ့် တကယ်အရေးယူနိုင်ခဲ့တဲ့ အမှုက ၁၀၀ လောက်သာရှိပါတယ်။ တိုကျတဲ့တိုင်စာတွေကိုသာ လက်ခံစဉ်းစားတဲ့ဥပဒေရဲ့ အားနည်းချက်ကြောင့် ပယ်လိုက်တဲ့ တိုင်စာတွေလည်း အများအပြားပါဝင်ပါတယ်။

အရင်က အဂတိလိုက်စားမှု တိုက်ဖျက်ရေးဥပဒေဟာ တိုင်ကြားသူရှိမှ ကော်မရှင်ကကိုင်တွယ်ရမယ် ဆိုတာတစ်ကြောင်း၊ မမှန်မကန်တိုင်တန်းရင် ထောင် ၅ နှစ်ချမယ်ဆိုတာတစ်ကြောင်း ကြောင့် ထင်သလောက်မထိရောက်ခဲ့ပါဘူး။

ပြီးခဲ့တဲ့နှစ် နိုဝင်ဘာ ၂၃ ရက်က ကော်မရှင်အသစ်ကို ဖွဲ့စည်းတာဝန်ပေးအပ်လိုက်ပြီးနောက် ဇန်နဝါရီ လ ၁၉ ရက်မှာ စတုတ္ထအကြိမ်ပြင်ဆင်တဲ့ ဥပဒေကြမ်း"ကို အများပြည်သူ သိရှိလေ့လာ၊ အကြံပြုနိုင်ဖို့ဆိုပြီး အစိုးရကထုတ်ပြန်လိုက်ပါတယ်။

ပြင်ဆင်ဖို့ လျာထားတဲ့ ပုဒ်မ-၁၆(ယ)အလိုအရ တိုင်ကြားချက် သို့မဟုတ် ရရှိသည့်သတင်းအရ လိုအပ်ရင် ကြိုတင်ထောက်လှမ်း စုံစမ်းစေခြင်း၊ စုံစမ်းစစ်ဆေးရေးအဖွဲ့နှင့် ပဏာမစိစစ်ရေးအဖွဲ့တို့အား စုံစမ်းစစ်ဆေးစေပြီး တွေ့ရှိချက် အစီရင်ခံစာကို တင်ပြစေခြင်းဆိုတာပါဝင်လာသလို ပုဒ်မ ၁၇(ဈ)မှာ "အဂတိလိုက်စားမှုရှိကြောင်း ကျော်စောသတင်း တစ်ရပ်ရပ်ကို ကော်မရှင်သည် သတင်းပေးပို့ချက်အဖြစ် သတ်မှတ်နိုင်သည်" ဆိုတာ ပါလာပါတယ်။

ပုံမှန်လစာဝင်ငွေပဲရှိတဲ့ နိုင်ငံ့ဝန်ထမ်း တစ်ယောက် သူရတဲ့လစာနဲ့ မလျော်ညီတဲ့ ပိုင်ဆိုင်မှုတွေ၊ ရင်းနှီးမြှုပ်နှံမှုတွေ ရှိလာရင် ကော်မရှင်က စပြီးထောက်လှမ်းစုံစမ်းနိုင်တော့မှာပါ။ အထက်က ထောင်ဒဏ် ငါးနှစ်ဆိုတဲ့ နေရာမှာလည်း ခြောက်လလို့ ပြစ်ဒဏ်လျှော့ချ ပြင်ဆင်လိုက်တဲ့အတွက် ပြည်သူတွေ ရဲရဲဝံ့ဝံ့ တိုင်နိုင်ကြတော့မှာပါ။ ဒါ့အပြင် ပုဒ်မ ၃၆(ခ)မှာလည်း ရုံးခွဲတွေဖွဲ့စည်းခွင့် ပေးထားတဲ့အတွက် ပြည်သူ့ဘဏ္ဍာကို လွယ် လင့်တကူ အိတ်ထဲထည့်နေတဲ့ ခြစားမှုတွေကို ပြည်သူတွေအနေနဲ့ အလွယ်တကူတိုက်ဖျက်နိုင်တော့မယ်ဆိုတာ အယ်ဒီတာ့အာဘော်အဖြစ် ရေးသားတင်ပြလိုက်ရပါတယ်။

မြစ်ကြီးနားသတင်းဂျာနယ်

www.myitkyinanewsjournal.com http//www.facebook.com/myitkyinanewsjournal.com Youtube - myitkyinanewsjournal

မြစ်ကြီးနားသတင်းဂျာနယ်

(ဖေဖော်ဝါရီ ၂ - ဖေဖော်ဝါရီ ၈၊ ၂၀၁၈)

ငြိမ်းသူ(မြစ်ကြီးနား)
ရေးသားသည်




# ဓါးပြနဲ့ သူခိုး ကြီးစိုးလာတဲ့ နယ်မြေ

မြစ်ကြီးနားမြို့က အထက်တန်းကျောင်းသူ/သားတွေကို မြန်မာစာ ကျူရှင်ပြပေးတဲ့ ကျောင်းဆရာတစ်ယောက်က ကချင်ပြည်နယ်ရဲ့ မြို့မှာဖြစ်ပေါ်နေတဲ့ ကြောက်လန့်ထိတ်လန့်ဖွယ်ရာ တစ်ခုအကြောင်း မြစ်ကြီးနားသတင်းဂျာနယ်ကို အားကိုးတကြီး ပြောလာပါတယ်။

မြန်မာစာ ကျူရှင်ဆရာ ပြောပြတဲ့ အကြောင်းကတော့ ကလေးတွေကို ကျူရှင်ပြပေးရမယ့် ဘော်ဒါတစ်ခုကို ရောက်လို့ သူ့ရဲ့ဆိုင်ကယ်ကို ရပ်လိုက်ပြီး ဘော်ဒါထဲဝင်လိုက်ချိန်မှာ ကျောင်းသူ/သားတွေရဲ့ အော်သံတစ်ခုကို ကြားလိုက်တယ်လို့ ဆိုပါတယ်။ အဲဒီအော်သံကြောင့် အပြင်ကို သူပြန်ထွက်ကြည့်လိုက်ချိန်မှာတော့ ကလပေါက်ဈေး ကိုးသိန်းလောက်တန်တဲ့ သူ့ရဲ့ Cyclone အမျိုးအစား ဆိုင်ကယ်ကို လူငယ်တစ်ယောက် စီးသွားတာတွေ့လိုက်ရတယ်လို့ ဆိုပါတယ်။

“ထမင်းချိုင့် စောင့်နေသလို ဘာလိုလိုနဲ့ ကလေးတွေကလည်း ကျောင်းသားမိဘ ထင်နေတာ။ အဲဒီလူစီးသွားတာ ဆရာစောဆိုင်ကယ်နဲ့ တူတယ်ဆိုပြီးလာပြောလို့ ထွက်ကြည့်လိုက်တော့ ဆိုင်ကယ်က မရှိတော့ဘူး”ဟု ကျူရှင်ဆရာ ဦးစောနဒီက ပြောပါတယ်။

အဲဒီဖြစ်စဉ်ကြောင့် သက်ဆိုင်ရာနယ်မြေရဲစခန်းမှာအမှုဖွင့်ထားပေမယ့် ဒီနေ့အထိ ဆိုင်ကယ် ပြန်မရသေးဘူးလို့ သိရပါတယ်။

မြစ်ကြီးနားမြို့မှာတော့ ဆရာစောနဒီ ကြုံတွေ့ခဲ့ရသလို ဖြစ်ရပ်တွေအပြင် ဆိုင်ကယ်လုတာတွေ၊ ပိုက်ဆံအိတ်လုတာတွေနဲ့ ဓားထောက်ဓားပြတိုက်တာတွေကို တစ်နေ့တစ်မျိုး မရိုးနိုင်အောင် ဖြစ်ပွားနေတယ်လို့ ကြားသိရပါတယ်။ ဆရာစောနဒီက မြစ်ကြီးနားသတင်းဂျာနယ်မှာ တုတ်ထိုးအိုးပေါက်လို့ လူသိများတဲ့ သရော်စာရေးခဲ့တဲ့ ပင်တိုင်ဆောင်းပါးရှင် တစ်ဦးဖြစ်ပြီး လုယက်မှုတွေအကြောင်း ရေးသားဖို့သူကိုယ်တိုင် တိုက်တွန်းနေချိန်မှာ သူကိုယ်တိုင်လုယက်ခံလိုက်ရတာ ဖြစ်ပါတယ်။ ဆရာစောနဒီ အပါအဝင်မြစ်ကြီးနားသတင်းဂျာနယ်က သတင်းထောက်နှစ်ဦးလည်း အထက်ပါအကြောင်းအရာတွေအတိုင်း လုယက်ခံရမှုကို ကြုံတွေ့ခဲ့ကြရပါတယ်။ လုယက်ခံရတဲ့ မြစ်ကြီးနားသတင်းဂျာနယ်တိုက်က သတင်းထောက် ၂ ဦးအနက် တစ်ဦးကတော့ အနုပညာသတင်းတွေကိုရေးသားတဲ့ သတင်းထောက် မဆိုင်းထွယ်ဇင်ဖြစ်ပြီး သူမရုံးကအပြန်မှာ သူမဆီပါလာတဲ့ လက်ကိုင်အိတ်ကို လူငယ် ၃ ယောက်က ဝိုင်းလုခဲ့ကြတာ ဖြစ်ပါတယ်။

“ဖောင်ပိတ်ပြီး အပြန် ညကိုးနာရီတောင် မထိုးသေးဘူး။ ယောကျာ်းသုံးယောက်က ဘေးနားကို ဝိုင်းလာပြီးတော့ ပုခုံးမှာ လွယ်ထားတဲ့အိတ်ကို လုတယ်။ အိတ်ကိုလုလို့ သူတို့နဲ့ ရုန်းရင်းဆန်ခတ်ဖြစ်ပြီး သူတို့ ဆိုင်ကယ်လဲသွားလို့သာ ပြန်ခုခံနိုင်တာ။ ဒါပေမယ့် အိတ်ကိုတော့ ရအောင်ယူသွားကြတယ်”လို့ မဆိုင်းထွယ်ဇင်က ပြောပြပါတယ်။

အဲဒီလို ခိုးမှု၊ လုယက်မှု၊ ဓားပြတိုက်မှုတွေဟာ မြစ်ကြီးနားမြို့မှာတင် မဟုတ်တော့ဘဲ အခုဆို ကချင်ပြည်နယ်မြို့အတော်များများမှာ ဖြစ်ပေါ်နေတာကို လူမှုကွန်ရက်စာမျက်နှာတွေကတစ်ဆင့် နေ့စဉ်ကြားသိနေရပါတယ်။

နာမည်ကြီး ဖုန်းဆိုင်တွေ၊လူစည်ကားတဲ့နေရာတွေမှာတော့ ဆိုင်ကယ်ခိုးမှု၊ ခါးပိုက်နှိုက်မှုတွေကို ပြုလုပ်ကြပြီး လူခြေတိတ်တဲ့၊ လူပြတ်တဲ့နေရာတွေမှာတော့ ဓားထောက်လုတဲ့နည်းလမ်းတွေနဲ့ ပြည်သူတွေကို အန္တရာယ်ပြုလာကြတဲ့အထိ ဖြစ်ပေါ်နေပါပြီ။

ဇန်နဝါရီလ ၂၃ ရက်၊ ည ၇ နာရီခွဲလောက်က ဖားကန့်မြို့နယ်ရဲ့ပန်းမြဲအနီးမှာ လုယက်မှုဖြစ်ပွားခဲ့ပြီး၊ အဲဒီဖြစ်စဉ်မှာ လုယက်သူတွေက ဆိုင်ကယ်စီးလာသူတစ်ဦးရဲ့ အောက်ပိုင်းကို သူတို့အသင့်ပါလာတဲ့ ဓါးရှည်နဲ့ခုတ်ဖြတ်ခဲ့ပြီး ဆိုင်ကယ်၊ ဖုန်းနဲ့အခြားပစ္စည်းတွေကို လုယက်သွားတယ်လို့ သိရပါတယ်။

> “ အဓိကကတော့ တရားဥပဒေစိုးမိုးရေး မရှိတာပါ။ ပြည်သူတွေက လမ်းမှာတွေ့ရင်တောင် တစ်ယောက်နဲ့တစ်ယောက် သူ့ငါမယုံ၊ ငါ့သူမယုံ ဖြစ်နေကြတာ။ နေ့သွားသွား၊ ညသွားသွား လူကောင်းလား၊ လူဆိုးလားတောင် မခွဲနိုင်တော့ဘူး။ ဒါတွေက မူးယစ်ဆေးဝါးရဲ့ နောက်ဆက်တွဲတွေပါ ”

ဖားကန့်မြို့နယ်ဟာ မူးယစ်ဆေးဝါး အလွန်ပေါများပြီး တရားဥပဒေစိုးမိုးမှုအားနည်းလို့ အခုလို ဓားပြတိုက်လုယက်မှုတွေ အဖြစ်များနေတာလို့ ဖားကန့်မြို့နယ် အခြေစိုက် အလွတ်တန်းသတင်းထောက် ကိုဇော်မိုးထက်က ပြောပါတယ်။

“ကျွန်တော်တို့ မြို့နယ်ရဲ တပ်ဖွဲ့မှူးတွေကို သွားတွေ့တော့ ရဲတပ်ဖွဲ့အင်အား နည်းနေတယ်လို့ ပြောတယ်။ အင်အားက လေးရာလောက်ရှိပေမယ့် လုပ်ကွက်စောင့်ဖို့အတွက်ပေးထားရလို့ မြို့ရွာတွေအတွက် လုံခြုံရေးယူဖို့ တစ်ရာလောက်ပဲ ကျန်တယ်။ ပြည်သူလူထု လုံခြုံဖို့ရဲတပ်ဖွဲ့ အင်အားကိုလည်း မသုံးနိုင်သလို မူးယစ်ဆေးဝါးကိုလည်း ကောင်းကောင်း မထိန်းချုပ်နိုင်တော့ အခုလို နောက်ဆက်တွဲပြဿနာတွေ ဖြစ်လာတယ်လို့ မြင်တယ်”လို့ ကိုဇော်မိုးထက်က သုံးသပ်ပြောပါတယ်။

အဲဒါအပြင် မြစ်ကြီးနားမြို့ တပ်ကုန်းရပ်ကွက်က မြောက်ပိုင်း USA ဖုန်းဆိုင်မှာ ဖုန်းပြုပြင်တဲ့ လူငယ်တစ်ဦးကလည်း နေ့လယ် ထမင်းစားပြန်ချိန် စီတာပူရပ်ကွက်အရောက်မှာ လူငယ် ၅ ဦးခန့်က သူတို့ကို ဆိုင်ကယ်ပေးခဲ့ဖို့ ပြောတယ်လို့ သိရပါတယ်။

ဆိုင်ကယ်ပေးခဲ့ဖို့ တောင်းဆိုတာကို ငြင်းဆန်ခဲ့တာကြောင့် လူငယ် ၅ ဦးက အဲ့ဒီလူငယ်ရဲ့ဝမ်းပိုက်ကို ဓလုတ်ဓားနဲ့ထိုးသွင်းခဲ့ကြပြီး အဲဒီဖြစ်စဉ်ကြောင့် ဝမ်းပိုက်ဒဏ်ရာရရှိသွားတယ်လို့ သိရပါတယ်။

ဒီလိုဖြစ်စဉ်တွေကြောင့် အခုဆိုရင် မြစ်ကြီးနားမြို့ဟာ အလွန် ကြောက်စရာကောင်းနေပြီလို့ ဒေသခံပြည်သူလူထုက သုံးသပ်ကြပါတယ်။

ပြီးခဲ့တဲ့ ဇန်နဝါရီလ ၂၃ ရက်နေ့ကလည်း မြစ်ကြီးနားမြို့မဈေး(ဝ) အပေါ်ထပ်မှာရှိတဲ့ ကမ္ဘောဇဘဏ်ကို အသက် ၂၀ မှ ၂၅ နှစ်အကြား လူငယ်လေးယောက် ဓားပြဝင်တိုက်ခဲ့တာကြောင့် ငွေကျပ်သိန်း၉၀၀ ကျော် ဆုံးရှုံးသွားတဲ့ဖြစ်စဉ်ကတော့ အထင်ရှားဆုံးဖြစ်စဉ်ပါပဲ။

ဒီသတင်းကြားပြီးတဲ့ နောက်ပိုင်းရက်တွေမှာတော့ မြစ်ကြီးနားဒေသခံတွေဟာလူခြေတိတ်တဲ့နေရာတွေကို ညဘက်တင်မကဘဲ နေ့ဘက်တောင် မသွားရဲကြတော့သလို ဖြစ်လာပါတယ်။

“အဓိကကတော့ တရားဥပဒေစိုးမိုးရေး မရှိတာပါ။ ပြည်သူတွေက လမ်းမှာတွေ့ရင်တောင် တစ်ယောက်နဲ့ တစ်ယောက် သူ့ငါမယုံ၊ငါ့သူမယုံ ဖြစ်နေကြတာ။ နေ့သွားသွား၊ ညသွားသွား လူကောင်းလား၊လူဆိုးလားတောင်မခွဲနိုင်တော့ဘူး။ ဒါတွေက မူးယစ်ဆေးဝါးရဲ့နောက်ဆက်တွဲတွေပါ”လို့ ဆရာစောနဒီက ပြောပါတယ်။

ဒီလိုဖြစ်ပွားရခြင်းရဲ့ နောက်ထပ်အကြောင်းအရင်း တစ်ခုကတော့ လူငယ်တွေ အားကျတဲ့ အနုပညာရှင်တွေရဲ့ မြန်မာကားတွေ နိုင်ငံခြား ဘဏ်ဓါးပြဇာတ်ကားတွေကြောင့် ဖြစ်မယ်လို့လည်း လူအများက ယူဆကြပါတယ်။

ဒီလို လုယက်မှုတွေ မကြာခဏ ဖြစ်ပေါ်နေပေမယ့် လုယက်မှု ၁၀ မှုမှာ ၀ မှုလောက်သာ ရဲစခန်းရောက်တာကိုလည်း တွေ့မြင်ရပါတယ်။ ပြည်နယ်ရဲတပ်ဖွဲ့မှူးရုံးရဲ့ စာရင်းများအရ ၂၀၁၇ ခုနှစ်တစ်ခုလုံးမှာ တိုင်ကြားလာတဲ့ လုယက်မှုအမှုပေါင်း တစ်ပြည်နယ်လုံးအတိုင်းတာ ၈၂ မှုသာရှိခဲ့ပြီး တရားခံမိတဲ့အမှုတွေအများကြီးရှိတယ်လို့ သိရပါတယ်။

လုယက်ခံရပေမယ့် ရဲစခန်းကိုသွားပြီး အမှုဖွင့်တိုင်ကြားလေ့မရှိတဲ့ ပြည်သူတွေရဲ့အဓိကအကြောင်းအရင်းကတော့ ယုံကြည်အားကိုးမှုနည်းတာကြောင့်လို့ သူတို့ရဲ့ပြောကြားချက်တွေအရ သိရပါတယ်။

“ကျွန်မ အလုခံရတုန်းက ဖုန်းနဲ့ ပိုက်ဆံငါးသိန်းကျော် ပါသွားတယ်။ မိုးတောင်မချုပ်သေးဘူး။ လုပြီး ပြေးသွားတာ။ ဒါပေမယ့်လည်း အလုပ်ရှုပ်မှာ စိုးတာကြောင့် ရဲစခန်းကို သွားမတိုင်တော့ဘူး။ တိုင်ရင်လည်း ပြန်ရဖို့က မသေချာဘူးလေ။ အမှုရင်ဆိုင်ရတာပဲ အဖတ်တင်မှာ”လို့ မြစ်ကြီးနားမြို့၊ ဂျန်မိုင်ကောင်းရပ်ကွက်မှာ နေ

စာ - ၉သို့ »

မြစ်ကြီးနားသတင်းဂျာနယ်
(ဖေဖော်ဝါရီ ၂ - ဖေဖော်ဝါရီ ၈၊ ၂၀၁၈)

စည်သူ(မြစ်ကြီးနား)
မေးမြန်းသည်

# ကချင်ပါတီသုံးခုပေါင်းစည်းဖို့ ပြည်သူလူထုဆင်ခြင်ဆုံးဖြတ်တဲ့ လူထုအကြံပေးကော်မရှင်က ဆုံးဖြတ်တာကို လက်ခံချင်တယ်ဆိုတဲ့ KNC ပါတီဥက္ကဋ္ဌ



**ကချင်ပြည်နယ် အစိုးရအဖွဲ့ကို စတင်တည်ထောင်သူရဲ့ မြေးတစ်ဦးလည်းဖြစ်ပြီး၊ ဒီမိုကရေစီနှင့် ဖက်ဒရယ်အရေးတို့ တစ်စိုက်မတ်မတ်လုပ် ဆောင်ပြီးပြည်သူတွေရဲ့အသံကိုနားထောင် လိုအပ်ချက်များကို ဖြည့်ဆည်းပေးသွားမယ်ဆိုတဲ့ ကချင်အမျိုးသားကွန်ဂရက်ပါတီ (KNC) ဥက္ကဋ္ဌ Dr M Kawn La နှင့် တွေ့ဆုံခြင်း**

| | |
|---|---|
| **အဘအမည်** | **- ဦးမရန်ဒိန်းဝါ** |
| **အမိအမည်** | **- ဒေါ်လဖိုင်နန်တောင်** |
| **အသက်** | **- ၅၀ နှစ်** |
| **ပညာအရည်အချင်း** | **- သွားဖက်ဆိုင်ရာအထူးကုဆရာဝန်** |
| **နေရပ်လိပ်စာ** | **- နေပြည်တော်၊ မျဉ်းမနား** |
| **မွေးချင်း** | **- လေးယောက်အနက် တတိယသား** |

**မေး ။ ။ ဆရာဒီပါတီဥက္ကဋ္ဌအဖြစ် တနှစ်ကစတင်တာဝန်ယူခဲ့တယ်လို့သိရပါတယ်။ ဒီပါတီဥက္ကဋ္ဌ မလုပ်ခင်က ဆရာဆောင်ရွက်ခဲ့တဲ့ တာဝန်တွေကို ပြောပြပေးပါဦး။**

ဖြေ ။ ။ ကျွန်တော်က သွားဘက်ဆိုင်ရာအထူးကု ဆရာဝန်တစ်ယောက်ပါ။ ကျွန်တော့်ရဲ့ အဖိုးက ဒူဝါဇော်လွမ်ပါ။ ဒီကချင်ပြည်နယ်ရဲ့ ပထမဦးဆုံး ဥက္ကဋ္ဌပါ။ ၁၉၅၂ - ၅၄ ဖဆပလကို အောင်နိုင်ပြီးတော့ ကချင်ပြည်နယ်အစိုးရကိုဖွဲ့တာ ကျွန်တော့်အဖိုးပါ။ နောက်တစ်ခါ ဒီပါတီကို စတင်ထူထောင်တဲ့ အုပ်စုထဲမှာလည်း ခေါင်းဆောင်က ဒူဝါဇော်လွမ်ပါပဲ။ အဖိုးက နိုင်ငံရေးသမိုင်းကို မျိုးစေ့ချခဲ့တယ်။ ကျွန်တော်တို့က နိုင်ငံရေးမျိုးဆက်တွေ ဖြစ်ပါတယ်။ ကျွန်တော်အသက်မွေးဝမ်းကြောင်းအလုပ်က သွားဘက်ဆိုင်ရာ ဆရာဝန်ပါ။ နေပြည်တော်မှာ အခုတော့ ဂုဏ်ထူးဆောင် အဖွဲ့ဝင်ပေါ့။ အပြင်မှာ ဒီပါတီအလုပ်လုပ်တော့ အဲဒီတာဝန်ကို မထမ်းဆောင်နိုင်တော့လို့ နှုတ်ထွက်ထားပါတယ်။ နောက်တစ်ခုက ဒီပါတီကို နိုင်ငံရေးမျိုးဆက်အနေနဲ့ ဝင်လုပ်တာပါ။ လုပ်တဲ့နေရာမှာ KNC လို့ဆိုလိုက်တာနဲ့ ကျွန်တော်လုပ်ရမယ့်အလုပ်လို့ထင်ပြီး လုပ်တာပါ။ ၂၀၀၆ ခုနှစ် မတ်လက စဝင်တယ်။ အဲဒီရှေ့လည်း ကျွန်တော်က နိုင်ငံရေးနဲ့ ပတ်သက်ပြီး လေ့လာတာတွေ၊ စာရွက်စာတမ်း ဖတ်တာတွေ၊ သမိုင်းလေ့လာတာတွေ လုပ်ခဲ့ပြင်ဆင်ခဲ့ပြီးမှ ကျွန်တော်နဲ့ သင့်တော်တယ်လို့ထင်ပြီး ဝင်တာပါ။ ကျွန်တော် ပဟိုကော်မတီသက်တမ်းမှာပဲ ၂၀၀၆ ဇူလိုင်လ ၈ ရက်နဲ့ ၉ ရက်မှာ ကချင်ဖိုရမ်ကို ဦးဆောင်ပြီး လုပ်ခဲ့ဖူးတယ်။ ဒီနေ့ ကချင်ပြည်နယ်က တိုင်းရင်းသားကိုယ်စားလှယ်တွေကတော့ အဲဒီတုန်းက ကျွန်တော်တို့ရွေးခဲ့တဲ့သူတွေကိုပဲ ခန့်ထားတယ်။ အကျိုးသက်ရောက်မှု အကြီးကြီး ခံစားရတယ်ပေါ့နော်။

**မေး ။ ။ ပါတီရဲ့ ရည်ရွယ်ချက်ကို ရှင်းပြပေးပါဦး။**

ဖြေ ။ ။ KNC ပါတီက ၁၉၇၉ ခုနှစ်ကတည်းက တည်ထောင်ခဲ့တာ ဖြစ်ပါတယ်။ ဒီနေ့က ကျွန်တော်တို့ အဲဒီသမိုင်းကို ဆက်ပြီးသွားနေတယ်။ မူရင်းရည်ရွယ်ချက်ကတော့ ဒီမိုကရေစီပဲ။ နောက်ပြီး ဒီမိုကရေစီရယ် ဖက်ဒရယ်ရရှိရေးအတွက် ပါတီကို ထောင်ခဲ့တယ်။ အခု ကျွန်တော်တို့လက်ထက်မှာ အဆင့်ဆင့် လက်ဆင့်ကမ်းလာတာပါ။ ရွေးကောက်တင်မြှောက်ခြင်းနဲ့ပဲသွားတယ်။ ပါတီရဲ့ မူဝါဒကလည်း ၁၉၇၉ ကိုပဲ အခြေခံထားတယ်။ ဒီလိုအခြေခံထားတော့ ပင်လုံမူဝါဒမှ ကျွန်တော်တို့က ၈ ယူနစ်ပေါ့။ လူမျိုးစု ၈ စုနဲ့ပြည်ထောင်စုကို ဖွဲ့စည်းထားတယ်လို့ပဲ ဆက်ပြီး လက်ခံထားတယ်။ ဒီလိုနည်းနဲ့ပဲ သွားမယ်။ ကျွန်တော်တို့ လက်ထက်ကြမှ အသစ်အဆန်းထပ်ထွင်ထားတာ မရှိပါဘူး။

**မေး ။ ။ ၂၀၁၅ တုန်းက ဆရာတို့ပါတီကို ပြည်သူလူထုက ပါတီအတွင်းရှုပ်မှုတွေဖြစ်ခဲ့တဲ့ပါတီလို့ မြင်ကြတယ်လို့ ကြားမိပါတယ်။ ဆရာ့အနေနဲ့ အဲဒီအပေါ် ဘာများပြောချင်ပါသလဲ။**

ဖြေ ။ ။ အဲဒါကတော့ ပါတီတိုင်းမှာ ရှိပါတယ်။ ပါတီဆိုတာလူအများနဲ့ ယုံကြည်ရာကိုစုပြီး အလုပ်လုပ်ကြတယ်။ တစ်ကိုယ်ရည် စွမ်းဆောင်မှုအားနည်းခြင်း၊ အားသာခြင်း ရှိပါတယ်။ ကျွန်တော်တို့က ပါတီရဲ့ပေါ်လစီကိုပဲ ကြည့်ပြီး ဆုံးဖြတ်ပါတယ်။ မည်သူမဆို ပါတီရဲ့စည်းကမ်းကို ချိုးဖောက်မယ်ဆိုရင် ပါတီရဲ့ပေါ်လစီကို တာဝန်ယူမှုတာဝန်ခံမှုအပိုင်း မရှိတော့ဘူးဆိုရင် စွပ်စွဲပြစ်တင်ပြီးတော့ အရေးယူခြင်း ခံရနိုင်ပါတယ်။ ကျွန်တော်တို့ပါတီမှာတော့ အဲဒီလိုစံနှုန်းတွေနဲ့ လုပ်ဆောင်ပါတယ်။ ကျွန်တော်ကိုယ်တိုင်ကလည်း တာဝန်ယူမှု တာဝန်ခံမှု မရှိခဲ့ဘူးဆိုရင် ဗဟိုကော်မတီဝင်တွေက စွပ်စွဲပြစ်တင်နိုင်ပါတယ်။ အရင်ဖြစ်တဲ့ ပါတီတွင်းကပြဿနာတွေကိုလည်းပါတီရဲ့ စည်းမျဉ်းပေတံတွေနဲ့ တိုင်းပါတယ်။ တစ်ခုခုဆို တစ်ဦးတစ်ယောက်ရဲ့ ဆုံးဖြတ်ချက်နဲ့ မသွားပါဘူး။ ဗဟိုကော်မတီဆုံးဖြတ်ချက်နဲ့ သွားပါတယ်။ ဆုံးဖြတ်တဲ့သူကလည်းတာဝန်ခံရပါတယ်။ စံနှုန်းသတ်မှတ်ချက်တွေကို ထူထောင်တဲ့အခါမှာ ဘေးထွက်ဆိုးကျိုးတွေတော့ ရှိတာပေါ့။ တာဝန်ယူမှုတာဝန်ခံမှုမရှိတဲ့သူတွေ ဦးဆောင်လာရင် ခက်တယ်လေ။ အဲဒါကြောင့် စည်းမျဉ်းတွေ ချမှတ်ထားတာပါ။

**မေး ။ ။ ဆရာတို့ပါတီအနေနဲ့လာမယ့်ရွေးကောက်ပွဲအတွက် ကြိုတင်ပြင်ဆင်မှုတွေနဲ့ ပတ်သက်ပြီး သိပါရစေခင်ဗျ။**

ဖြေ ။ ။ ရွေးကောက်ပွဲမဟာဗျူဟာတစ်ခုတော့ ချထားပြီးပါပြီ။ အမာခံမြို့နယ်ရယ်၊ အမာခံနယ်မြေနဲ့ ပထမဦးစားပေး၊ ဒုတိယ ဦးစားပေးပေါ့။ အဲဒီလိုတွေတော့ ချမှတ်ပြီးပြီ။ ကျန်တဲ့ဟာတွေကတော့ ကျွန်တော်တို့ ပုံမှန်အတိုင်း ဆက်သွားမယ်။ ပထမ ဦးစားပေးကတော့ ၅ မြို့နယ်၊ ဒုတိယ ဦးစားပေးကတော့ ၃ မြို့နယ်ပေါ့နော်။ ကချင်ပြည်နယ် ၁၈ မြို့နယ်မှာ ၈ မြို့နယ် ဝင်ပြိုင်မှာပေါ့။ ဘယ်မြို့နယ်တွေလဲဆိုတာတော့ ပြောလို့ မရသေးပါဘူး။ ပြည်သူလူထုနဲ့ တွေ့မယ်။ သူတို့ လိုအပ်ချက်တွေ မေးမယ်။ ကျွန်တော်တို့ ဘာလုပ်ပေးနိုင်မလဲဆိုတဲ့ ဖြစ်စဉ်တွေ ရှင်းပြမယ်။ အဓိကကတော့ ကချင်ပြည်နယ်မှာ နိုင်ငံရေးနဲ့ ကင်းကွာနေတာ များတယ်။ နိုင်ငံရေးတွေကို နားမလည်တာများတော့ ထဲထဲဝင်ဝင် မလုပ်ကြဘူး။ အဲဒါတွေကိုလည်း ပြည်သူလူထုကို အမြင်ဖွင့်တာတွေ လုပ်မယ်။

**မေး ။ ။ ပြည်သူတွေအနေနဲ့ ဆရာတို့ပါတီကို မဲပေးရမယ်ဆိုရင် ဘယ်လိုအရာတွေကိုမျှော်လင့်ပြီး မဲထည့်ရမလဲ။ ဆရာတို့ဘက်ကရော ဘာတွေလုပ်ဆောင်ပေးသွားမှာလဲ။**

ဖြေ ။ ။ မျှော်လင့်လို့ ရတယ်ဆိုတာက ကျွန်တော်တို့ နိုင်ငံရေးအစုအဖွဲ့ကြီးရှိတယ်။ UNA (United Nationality Allians)မှာ ကချင်ပါတီထဲမှာ ကျွန်တော်တို့ပါတီတစ်ခုပဲ ပါတယ်။ ဒီအဖွဲ့ကလည်း ဖက်ဒရယ်ရယ် တန်းတူညီမျှရေးကိုပဲ အဓိကထားတာ။ လူမျိုးစုအချင်းချင်း တစ်ယောက်နဲ့တစ်ယောက် သာစေနာစေရယ်လို့ မဟုတ်ဘူးပေါ့နော်။ လူများစုကလူနည်းစုကို အနိုင်ကျင့်တာတွေ မရှိရလေအောင် လူနည်းစုဘက်က လေးစားရမယ်။ အဲဒါတွေ လုပ်ပေးနိုင်မယ်။ နောက်ထပ် မျှော်လင့်လို့ ရတာက ကျွန်တော်တို့က ၁၉၇၇ ဖက်ဒရယ်ကိုပဲဆက်ပြီး တိုက်ပွဲဝင်မှဖြစ်တယ်။ ၁၉၄၇ ပင်လုံရဲ့ အနှစ်သာရကို အကောင်အထည်ဖော်မယ်။ ကျွန်တော်တို့အနေနဲ့ ရွေးကောက်ပွဲမှာ အနိုင်ရရင် ဒီကိစ္စကို ပြည်ထောင်စုအစိုးရနဲ့ ဆောင်ရွက်မှာ ဖြစ်တယ်။ ပြည်သူလူထုက မျှော်လင့်နေတဲ့ တန်းတူညီမျှရေးနဲ့ ဖက်ဒရယ်ကို ရနိုင်ဖို့အတွက် ကြိုးစားလုပ်ဆောင်သွားမယ့် ပါတီတစ်ခုပါလို့ ပြောချင်ပါတယ်။

**မေး ။ ။ ဆရာတို့ ကချင်သုံးပါတီ ပူးပေါင်းပြီးတဲ့နောက်မှာရော ဘယ်လိုပူးပေါင်းလုပ်ဆောင်သွားဖို့ ရှိလဲ။**

ဖြေ ။ ။ အခုလောလောဆယ်မှာတော့ ပူးပေါင်းတဲ့အပိုင်းမှာတော့ ကျွန်တော်တို့ ပါတီအနေနဲ့ တောင်းဆိုထားတာရှိတယ်။ သူ့ဟာနဲ့သူ လာပေါင်းတာကိုတော့ ကျွန်တော်တို့ သိပ်လက်မခံဘူး။ နံပါတ် ၁ က လူထုက ဆင်ခြင်ဆုံးဖြတ်နိုင်တဲ့ အကြံပေးကော်မတီနဲ့ ပူးပေါင်းတာကို လိုချင်တယ်။ မဟုတ်ရင်ပြဿနာကတကယ်လုပ်နေတဲ့သူကို မလုပ်နိုင်တဲ့သူက လာပြီး အနှောင့်အယှက်ပေးရာ ကျတယ်ပေါ့နော်။ ကျွန်တော်တို့ ကချင်ပါတီတွေကြားမှာ ဒီလိုမျိုးတွေ မဖြစ်စေချင်ဘူး။ အဲဒါကြောင့် ပြည်သူလူထုဆင်ခြင်ဆုံးဖြတ်တဲ့လူထုအကြံပေးကော်မရှင်က ဆုံးဖြတ်တဲ့ဟာကို လက်ခံချင်တယ်။ ကျွန်တော်တို့ တင်သွင်းတဲ့ အချက် ၅ ချက်ကို လက်ခံရင် ဆက်သွားမယ်။ ဒီအဆင့်မှာပဲ ရှိသေးတယ်။ နောက်ဘာတွေဆက်လုပ်မယ်ဆိုတာ မဆွေးနွေးရသေးဘူး။ လာမယ့် ၂၀၂၀ မှ ဒါကိုဆက်ဆွေးနွေးပြီး အဖြေထုတ်ဖို့ ရှိပါတယ်။ အခုလောလောဆယ်တော့ မူအရပေါင်းထားပြီ။ ဖြစ်လည်း ဖြစ်သင့်ပါတယ်။ အကုန်လည်း လက်ခံတယ်ဆိုတော့ ကြေညာလိုက်တာပါ။

**မေး ။ ။ ဆရာ့အနေနဲ့ မြစ်ကြီးနားသတင်းဂျာနယ်ကနေတစ်ဆင့် ပြည်သူတွေကို ဘာများ ပြောချင်ပါသေးသလဲ။**

ဖြေ ။ ။ ကျွန်တော်တို့ လုပ်နေတဲ့ကာလဆိုတော့ ပြင်ဆင်ကြိုးစားဆဲပေါ့။ ပြောချင်တာတစ်ချက်ကတော့ ပါတီပေါင်းစည်းတာတွေက မဟာဗျူဟာထဲမှာ ပါတယ်။ ဒါပေမယ့်လည်း ပေါင်းစည်းပြီးတော့ ပြည်သူအတွက် အလုပ်မလုပ်တာတော့ မဖြစ်စေချင်ဘူးပေါ့။ နိုင်ငံရေးလှုပ်ရှားမှုကတော့ ကျွန်တော်တို့ပါတီအနေနဲ့ ဆက်လုပ်နေရမှာပဲ။ ■

# ၂၀၂၀ ရွေးကောက်ပွဲကို တရားမျှတသည့် ရွေးကောက်ပွဲတစ်ရပ်အဖြစ် ဆောင်ရွက်သွားမည်ဟု မိုးညှင်းရွေးကောက်ပွဲကော်မရှင်ပြော

ဇန်နဝါရီ ၂၇

၂၀၂၀ ရွေးကောက်ပွဲကို တရားမျှတသည့် ရွေးကောက်ပွဲတစ်ရပ်အဖြစ် ဆောင်ရွက်သွားမည်ဟု မိုးညှင်းခရိုင်ရွေးကောက်ပွဲကော်မရှင်မှ တာဝန်ရှိသူတစ်ဦးက ပြောသည်။

"အခုလို ကော်မရှင်အသစ်ဖွဲ့စည်းဖို့ ပါဝင်ဆောင်ရွက်လိုသူများကို ၂၀၀၆ခုနှစ်ကတည်းက ကြေညာစာတွေ ကပ်ပြီး အသိပေးခဲ့တယ်။ လူကြီးတွေရဲ့ မူဝါဒအရ ကော်မရှင်အသစ်တွေ ဖွဲ့စည်းပေးခဲ့တာ ဖြစ်ပါတယ်။ ကော်မရှင်ရဲ့ တာဝန်သည် တရားမျှတပြီး လွတ်လပ်တဲ့ ရွေးကောက်ပွဲအဖြစ် ဆောင်ရွက်ဖို့ ဖြစ်ပါတယ်"ဟု မိုးညှင်း ရွေးကောက်ပွဲကော်မရှင်မှ တာဝန်ရှိသူဦးမျိုးမင်းဦးက ပြောသည်။

အဆိုပါ ရွေးကောက်ပွဲအတွက် မြို့နယ်အဆင့်၊ ခရိုင်အဆင့်၊ ပြည်နယ်အဆင့်ရှိ ရွေးကောက်ပွဲကော်မရှင် အသစ်များကို ဇန်နဝါရီလ ၁၀ ရက်က ပြောင်းလဲ ရွေးချယ်ခဲ့သည်ဟု ယခုလ ၂၅ ရက်က မြို့နယ်အထွေထွေ အုပ်ချုပ်ရေးမှူးရုံးတွင်ပြုလုပ်သည့် မြို့နယ်ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲ၊ ကော်မရှင်အဖွဲ့ဝင်အသစ်များနှင့် တွေ့ဆုံပွဲတွင် ဦးမျိုးမင်းဦးက ပြောသည်။

"ပြည်သူတွေက တရားစီရင်ရေးအာဏာ၊ အုပ်ချုပ်ရေးအာဏာ၊ ဥပဒေပြုရေးအာဏာ အဲဒါတွေကို ကိုယ်စားပြုပြီး ဆောင်ရွက်ပေးဖို့အတွက် ပြည်သူတွေက ယုံကြည်စိတ်ချတဲ့သူတွေကို ရွေးချယ်တင်မြှောက်တဲ့နေရာမှာကျမတို့က တစ်ထောင့်တစ်နေရာကနေ တရားမျှတတဲ့ ရွေးကောက်ပွဲဖြစ်နိုင်ဖို့ ဆောင်ရွက်ပေးသွားမှာပါ"ဟု မိုးညှင်းမြို့နယ် ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲ၏ ဥက္ကဋ္ဌအသစ်ဖြစ်သော ဒေါ်စန်းဝေက ပြောသည်။

ယခု ပြန်လည်ရွေးချယ်ထားသော ပြည်နယ်၊ ခရိုင်၊ မြို့နယ်ရွေးကောက်ပွဲ ကော်မရှင်အဖွဲ့များတွင် ယခင် အဖွဲ့ဝင်တစ်ဦးမျှပါဝင်ခြင်းမရှိဘဲ အများယုံကြည်လေးစားခြင်း ခံရသော ပုဂ္ဂိုလ်အသစ်များသာ ပါရှိကြောင်း သိရသည်။

မိုးညှင်းမြို့နယ် ရွေးကောက်ပွဲကော်မရှင်အသစ်တွင် ဥက္ကဋ္ဌအဖြစ် ဦးစံအေး၊ အဖွဲ့ဝင်အဖြစ် ဒေါ်မြင့်ရီ၊ ဦးတင်လှိုင်၊ ဦးထွန်းကြည်၊ ဦးအောင်ဇော်ထိုက်၊ ဦးအောင်ဆန်းဦးတို့ကို ရွေးချယ်ထားကာ မြို့နယ်အဆင့်ဌာန ၁၀ ခုရှိပြီး ထိုဌာနများတွင် ဝန်ထမ်း ၁၀ ဦးရှိကြောင်း သိရသည်။

ထိုကဲ့သို့ပင် မိုးညှင်းခရိုင်ရွေးကောက်ပွဲကော်မရှင်အဖွဲ့အသစ်တွင် ဥက္ကဋ္ဌအဖြစ် ဒေါ်စန်းဝေ၊ အဖွဲ့ဝင်များအဖြစ် ဦးဇော်ဘောက်၊ ဦးအောင်မြင့်၊ ဦးညွန့်ရွှေ၊ ဦးစံဝင်း၊ ဦးသောင်းလွင်နှင့် ခရိုင်အဆင့်ဌာန ၁၀ ခုရှိပြီး ဝန်ထမ်း ၁၀ ဦးဖြင့် ဖွဲ့စည်းထားကြောင်း သိရသည်။

ထွန်းထွန်း(မိုးညှင်း)

# ရွှေပေါက်ကံကျေးရွာအား တရားဝင်ကျေးရွာအဖြစ် အသိအမှတ်ပြုစေလို

ဇန်နဝါရီ ၂၇

မိုးညှင်းမြို့ရှိ ရွှေပေါက်ကံကျေးရွာအား ပြည်ထဲရေးအမည်ပေါက်နှင့် တရားဝင်ကျေးရွာအဖြစ် ပြောင်းလဲအသိအမှတ်ပြုစေရန် လိုအပ်သည့်အချက်အလက်များကို ပြည်နယ်လွှတ်တော်ကိုယ်စားလှယ် ဦးတင်အေးနှင့် အခြားတာဝန်ရှိသူများက ကျေးရွာဒေသခံများနှင့်တွေ့ဆုံ၍ အသိပေးခြင်းများ ပြုလုပ်ခဲ့သည်။

"ရွှေပေါက်ကံကျေးရွာကို တရားဝင်ရွာဖြစ်စေဖို့ ပထမဦးဆုံးလွှတ်တော်တက်တက်ခြင်း ကျွန်တော် တင်ပြခဲ့တယ်။ တကယ်တော့ ဒီကိစ္စဟာ ပြည်ထောင်စုလွှတ်တော်နဲ့ အမျိုးသားလွှတ်တော်က ဆောင်ရွက်ရမယ့် ကိစ္စပါ။ ပြည်နယ်အဆင့်နဲ့ လက်လှမ်းမီတဲ့ကိစ္စမဟုတ်ဘူး။ပြည်ထောင်စုလွှတ်တော်က တိုက်ရိုက်ဆောင်ရွက်လို့ရပေမယ့် မဆောင်ရွက်ခဲ့တာလား၊ မဆောင်ရွက်သေးတာလားတော့ မသိဘူး။ ကျွန်တော့်ဆန္ဒက ဒီရွာကိုတရားဝင်ဖြစ်စေချင်လို့ လွှတ်တော်မှာ တင်ပေးခဲ့တာပါ"ဟု ပြည်နယ်လွှတ်တော်ကိုယ်စားလှယ် ဦးတင်အေးက အထက်ပါတွေ့ဆုံပွဲတွင် ပြောသည်။

ရွှေပေါက်ကံကျေးရွာကို နိုင်ငံတော်အစိုးရက တရားဝင်အသိအမှတ်ပြုစေရန်အတွက် လိုအပ်သည့် အချက်အလက်များကို ကျေးရွာလူထုအား အသိပေးသည့် တွေ့ဆုံပွဲကို ဇန်နဝါရီလ ၂၄ ရက်နေ့လယ်တွင် ပြုလုပ်ခဲ့သည်။

"ရွာကို ၂၀၀၄ ခုနှစ် ဒီဇင်ဘာလမှာစပြီးတည်တာ။ မိုးညှင်းမြို့ရဲ့ တောင်ဘက် ၂ မိုင်ကျော်မှာရှိတယ်။ ရွာက ၁၈ ဧကကျယ်ပြီး အိမ်ခြေ ၀၆၀ ရှိတယ်"ဟု ဒေသခံရွာသားတစ်ဦးက ပြောသည်။

ထိုသို့ သက်ဆိုင်ရာတာဝန်ရှိသူများ၏ ခွင့်ပြုချက်မရရှိဘဲ ကျူးကျော်ဝင်ရောက်ကာ ရွာတည်ခဲ့သည့်အတွက် တရားမဝင်ကျေးရွာ တည်ထောင်သူ ၁၅၈ ဦးကို မြေစာရင်းဦးစီးအရာရှိ ဦးဟန်ထွန်းအောင်က ၂၀၀၇ ခုနှစ်ဇွန်လ ၁၀ရက်တွင် မြေလွတ်မြေရိုင်း ဥပဒေ ပုဒ်မ ၂၆ ဖြင့် တရားစွဲခဲ့သည်။

"အခု တရားစွဲခံရတဲ့ အမှုကနေ ရုတ်သိမ်းပြီးပြည်ထဲရေး အမည်ပေါက် ကျေးရွာအသစ်ဖြစ်တည်ရေးအတွက် ကျေးရွာလူထုနဲ့တွေ့ဆုံချပြပြီး ရှင်းလင်းပေးတာပါ။ ကျေးရွာတည်ဆောက်တော့မယ်ဆိုရင် စာသင်ကျောင်း၊ ဘုန်းကြီးကျောင်း၊ အုပ်ချုပ်ရေးမှူးရုံး၊ ဆေးခန်းစတဲ့ မြေဧရိယာတွေ တွက်ချက်ပြီး ကျူးရွာအင်္ဂါရပ်နဲ့ညီအောင် အချက်ပေါင်း၂၀ ချက်နဲ့ ဆောင်ရွက်ရပါတယ်"ဟု မိုးညှင်းမြို့နယ် ဒုတိယအထွေထွေအုပ်ချုပ်ရေးမှူး ဦးအောင်မြင့်စိုးက မြစ်ကြီးနားသတင်းဂျာနယ်သို့ ပြောသည်။

သက်ဆိုင်ရာ အစိုးရဌာနများ၏ ခွင့်ပြုချက်မရှိဘဲ ကျူးကျော်ဝင်ရောက် ရွာတည်ထားသည့်အတွက် တရားစွဲခံရသောကြောင့် ကချင်ပြည်နယ်ဝန်ကြီးချုပ် ဒေါက်တာခက်အောင်နှင့် အခြားဝန်ကြီးများထံတရားစွဲဆိုခြင်းမှ ကင်းလွတ်ခွင့်ရရှိရန် အသနားခံစာတင်ခဲ့ကြရာ ၂၀၀၇ ခုနှစ် ဒီဇင်ဘာလ ၂၂ ရက်တွင် အမှုမှကင်းလွတ်ပြီး တရားဝင်အမှုပိတ်သိမ်းပေးခဲ့သည်ဟု သိရသည်။

ထွန်းထွန်း(မိုးညှင်း)






## ကဗျာကဏ္ဍ

### နာမကျန်းနိုင်ငံတော်

ဦးနှောက်ပလာနဲ့ နိုင်ငံသားတွေများနေတဲ့တိုင်းပြည်
နှလုံးသားမလှတဲ့ နိုင်ငံသားတွေများလာတဲ့တိုင်းပြည်

မျက်လုံးမှာ အမုန်းတရားတွေနဲ့
နှုတ်ခမ်းတွေက အမုန်းစကားတွေနဲ့
လူလူချင်း လူလို့မမြင်နိုင်ကြတဲ့
နိုင်ငံသားတွေနေတဲ့တိုင်းပြည်

နိုင်ငံသားတွေရဲ့လက်တွေမှာ
သရဲဘီလူးစီးနေတယ်
နိုင်ငံသားတွေရဲ့စိတ်တွေကလည်း
သရဲဘီလူးစီးနေတယ်

ကာယကံတွေမှာ ကိုယ်ချင်းစာစိတ်ကင်းမဲ့
ဝစီကံတွေမှာ ကိုယ်ချင်းစာစိတ်ကင်းမဲ့

အသိဉာဏ်မဲ့ ခံစားချက်မဲ့ အတတ်ပညာမဲ့

စနစ်တကျမှားယွင်းခဲ့တဲ့စနစ်ဆိုးနဲ့
ကြီးပြင်းလာခဲ့ကြရတဲ့ နိုင်ငံသားတွေနေတဲ့တိုင်းပြည်
. . . . . . . . . . .

စနစ်တကျမှားယွင်းခဲ့တဲ့ စနစ်ဆိုးနဲ့
နေသားကျလာခဲ့တဲ့ နိုင်ငံသားတွေနေတဲ့တိုင်းပြည်

ရောဂါမကျွမ်းခင်
နိုင်ငံတော်ကို

ငါတို့ . . . .
အချိန်မီကုသဖို့ လိုပြီ။ ။

မောင်ငယ်ရင်သွေး




## The Holland Scholarship for Bachelor or Master Degree in Netherland

Netherland နိုင်ငံတွင် Bachelor နှင့် Master Degree ပညာသင်ယူလိုသူများအတွက် လျှောက်ထားနိုင်သည့် ပညာသင်ဆု ဖြစ်သည်။

ပညာသင်နှစ်ပထမနှစ်အတွက် ယူရို ၅၀၀၀ ရရှိနိုင်မည့် အခွင့်အရေးဖြစ်သည်။ သို့သော် Fullscholarship မဟုတ်ပါ။ ၂၀၁၈ - ၂၀၁၉ ပညာသင်နှစ်အတွက် ယခုမှစတင်၍ လျှောက်ထားနိုင်ပါသည်။

အသေးစိတ်သိရှိလိုပါက https://aseanop.com/holland-scholarship-bachelor-master-degree-netherland/ တွင် ဝင်ရောက်ဖတ်ရှုနိုင်ပါသည်။ ပိုမိုသိရှိလိုပါက Naushawng Development Institute (NDI) naushawng.info@gmail.com သို့ ဆက်သွယ်စုံစမ်းမေးမြန်းနိုင်ပါသည်။

## Nanyang Undergraduate Scholarship in Singapore 2018 (Fully Funded)

စင်္ကာပူနိုင်ငံ Nanyang Techonological University တွင် Bachelor Degree ပညာသင်ယူနိုင်မည့် Full-scholarship ဖြစ်ပါသည်။ အသေးစိတ်သိရှိလိုပါက http://admission.ntu.edu.sg/UndergraduateAdmissions/Pages/NanyangScholarship.aspx တွင် ဝင်ရောက်ဖတ်ရှုနိုင်ပါသည်။ ပိုမိုသိရှိလိုပါက Naushawng Development Institute (NDI) naushawng.info@gmail.com သို့ ဆက်သွယ်စုံစမ်းမေးမြန်းနိုင်ပါသည်။

# နိုင်ငံတကာဈေးကွက်ကို ထိုးဖောက်နိုင်တဲ့အထိ ကွာလတီကောင်းကောင်း ဆက်လက်ရိုက်ကူးသွားမယ်ဆိုတဲ့ ဂီလာ ရုပ်ရှင်ဒါရိုက်တာ ဒီထဲဒီ

**ပထမဦးဆုံး ရဝမ်စကားပြော ရဝမ်လူမျိုးတို့၏ရုပ်ရှင် (ဂီလာ)ကို ရိုက်ကူးခဲ့သူ ဒါရိုက်တာဒီထဲဒီနှင့် ဂီလာရုပ်ရှင်ရိုက်ကွင်း နောက်ကွယ်က အခက်အခဲများအကြောင်း တွေ့ဆုံမေးမြန်းထားသည်များကို မြစ်ကြီးနားသတင်းဂျာနယ် ပရိသတ်ကြီးအတွက် ဖော်ပြပေးလိုက်ပါတယ်။**

ဆိုင်းထွယ်ဇဝ်
မေးမြန်းသည်



**မေး။ ။ ပထဦးဆုံးအနေနဲ့ အစ်ကိုရဲ့အမည် နဲ့ ပရိသတ်ကြီးကို မိတ်ဆက်ပေးပါဦးရှင့်။**
ဖြေ။ ။ကျွန်တော့်နာမည် ဒီထဲဒီပါ။ ကချင်တိုင်းရင်းသား ရဝမ်လူမျိုးပါ ခင်ဗျာ။

**မေး။ ။ D Star Film Production မှာ အစ်ကို တာဝန်ယူထားရတဲ့အပိုင်းလေးနဲ့ စတင်တည်ထောင်ခဲ့တဲ့ ခုနှစ်လေးကိုပြောပြပေးပါရှင့်။**
ဖြေ။ ။ကျွန်တော်ကတော့ D Star film Production မှာ ဒါရိုက်တာ တာဝန်ကိုယူထားပါတယ်။ ၂၀၀၆ ခုနှစ် နိုဝင်ဘာလက စတင်တည်ထောင်ခဲ့တာပါ။

**မေး။ ။ဘယ်လိုအကြောင်းတွေကြောင့် ဂီလာဆိုတဲ့ ရဝမ်ရုပ်ရှင်ကို ရိုက်ကူးဖြစ်ခဲ့ရတာလဲရှင့်။**
ဖြေ။ ။ကျွန်တော် အရင်တုန်းက ရန်ကုန်မှာ ရုပ်ရှင်တွေ ဗီဒီယိုတွေရိုက်ရင် ဆက်တင်ပိုင်းကို ကျွန်တော်တာဝန်ယူပြီး လိုက်လုပ်ပေးဖူးတယ်၊ အဲ့ဒီအချိန်တုန်းက ရန်ကုန်က ဒါရိုက်တာတွေက ငြီးနေတာ ဇာတ်လမ်းဆန်းတာလေးရိုက်ချင်တယ်ပေါ့။ ကွဲထွက်နေတဲ့ ဇာတ်လမ်းမျိုးတွေ ရိုက်ချင်တယ်။ တစ်ခါလာလည်း ဒီမင်းသားမင်းသမီးနဲ့ ဒီဇာတ်လမ်းတွေပဲရိုက်နေတော့ ရိုးနေပြီပေါ့ ဒါနဲ့ ကျွန်တော်လည်း စဉ်းစားလိုက်မိတယ် ကျွန်တော်တို့လူမျိုးတွေကို ဇာတ်လမ်း၊ ဇာတ်အိမ်ခိုင်ခိုင်နဲ့ရိုက်မယ်လို့ စိတ်ကူးထားလိုက်တယ်။ နောက်တော့ကျွန်တော်လည်း ဇာတ်လမ်းတွေ ဇာတ်ညွှန်းတွေ သေချာလေးရေးပြီး သွားတာနဲ့ တစ်ခါတည်းရိုက်ကူးဖြစ်ခဲ့တယ်။ သူများနဲ့မတူအောင် ရဝမ်စကားပြော ရဝမ်ရုပ်ရှင်စစ်စစ်ကို ရိုက်ကူးလိုက်တာပါ။

**မေး။ ။ရိုက်ကူးစဉ်တုန်းက ဘယ်လိုအခက်အခဲတွေရှိခဲ့လဲရှင့်။**
ဖြေ။ ။အခက်အခဲကတော့ သရုပ်ဆောင်တွေအားလုံးက အသစ်ဆိုတော့ သရုပ်ဆောင်တာပီပြင်အောင် သင်ရင်းရိုက်ရင်းဆိုတော့ ရိုက်ရက်တွေကြာသွားတယ်။ ပြီးတော့ ဖုန်ဂမ်ရာဇီရေခဲတောင်ဘက်မှာ သွားရိုက်တာဆိုတော့ ရာသီဥတုအရမ်းကြမ်းတယ်။ တောနက်ထဲလည်း ရိုက်ရတာဖြစ်တဲ့အတွက် သရုပ်ဆောင်တွေက တောထဲက ဆူးတွေနင်းမိကြတယ်။ ဆူးတွေက တကယ်ကို အဆိပ်ပြင်းတော့ သရုပ်ဆောင်တစ်ဦးဆိုရင် ခြေတစ်ဖက်က ပုပ်တဲ့အထိအခြေအနေဆိုးသွားတယ်။ ပြီးတော့ ဖြုတ်ကောင်တွေ လည်းကိုက်တာခံရတယ်။ တခြားသရုပ်ဆောင်တွေအားလုံးလည်း အနည်းနဲ့အများတော့ ဒဏ်ရာတွေရခဲ့ကြတယ်။ တော်တော်လေးကို ကျွန်တော်တို့ရုန်းကန်ပြီးရိုက်ကူးခဲ့ရတာပါ။

**မေး။ ။အစ်ကို့ရုပ်ရှင်က လူမှုကွန်ရက်မှာ ရုပ်ရှင်အမြည်းလေး စတင်ဖြန့်ခဲ့တဲ့အချိန်ကစပြီး အားပေးမှုမြင့်တက်ခဲ့တဲ့အပေါ် အစ်ကို့ရဲ့ ခံစားချက်လေးပြောပြပေးပါဦးရှင့်။**
ဖြေ။ ။ကျွန်တော်ထင်ထားတာထက်ပိုပြီး အားပေးခဲ့တဲ့အတွက် ကျွန်တော်တကယ်ကို ဝမ်းသာတယ်။ တကယ်ကိုမထင်ထားတာ အဲ့လောက်အားပေးမယ်လို့၊ ပရိသတ်တွေ ကြိုက်နှစ်သက်တယ်ဆိုတော့လည်း ပင်ပန်းရကျိုးနပ်တာပေါ့။

**မေး။ ။ ဂီလာရုပ်ရှင်က စတင်ပြသတဲ့ ရက်ကတည်းက လူစိတ်ဝင်စားမှုလည်းမြင့်တက်ခဲ့တဲ့ ရုပ်ရှင်ဖြစ်ခဲ့တယ်ဆိုတော့ ဒါရိုက်တာတစ်ဦးအနေနဲ့ အကယ်ဒမီမှန်းလားရှင့်။**
ဖြေ။ ။အကယ်ဒမီကတော့ မမှန်းသေးပါဘူးခင်ဗျာ။ ဘာလို့လဲဆိုတော့ သရုပ်ဆောင်ပိုင်းတွေရော တခြား အစစအရာရာ လိုအပ်ချက်တွေအများကြီးရှိသေးတယ်။ ဒီကြားထဲ စက်က အဆင်မပြေတာတွေ ဖြစ်သွားတော့ ကားကူးကားဆက်လုပ်တဲ့အချိန် ဒုက္ခရောက်သွားခဲ့ရတာတွေ ရှိတယ်။

**မေး။ ။ အစ်ကို့အနေနဲ့ အခုလို ရဝမ်ရုပ်ရှင်တွေ ထပ်မံရိုက်ကူးသွားဖို့ အစီအစဉ်ရှိလား။**
ဖြေ။ ။အစီအစဉ် ရှိပါတယ်။ ဒါပေမယ့် ဒီတစ်ခေါက်ရိုက်ရင်ကတော့ နိုင်ငံတကာအဆင့်အတန်းမီအောင် သေချာအချိန်ယူပြီး ရိုက်ကူးသွားမယ်။ ပြီးရင် နိုင်ငံတကာဈေးကွက်ကို ထိုးဖောက်နိုင်တဲ့အထိ ကွာလတီကောင်းကောင်းနဲ့ ရိုက်ကူးသွားဖို့ အစီအစဉ်ရှိပါတယ်။

**မေး။ ။ထပ်မံရိုက်ကူးသွားမယ့် ရုပ်ရှင်မှာ အရင်ဂီလာရုပ်ရှင်က မင်းသားသမီးတွေ နဲ့ ဆက်ပြီးရိုက်ကူးသွားဖို့အစီအစဉ်ရှိလား။**
ဖြေ။ ။အဆင်ပြေတဲ့သရုပ်ဆောင်တွေနဲ့တော့ ဆက်ပြီးရိုက်ကူးမှာပါ။ တချို့သရုပ်ဆောင်တွေက အချိန်မပေးနိုင်တာတို့ မအားတော့တာတို့ရှိတော့ ဒီတစ်ခါရိုက်ကူးရင်တော့ သရုပ်ဆောင်အသစ်တွေလည်း ပါဖို့အစီအစဉ်ရှိတယ်။

**မေး။ ။ထပ်မံရိုက်ကူးသွားမယ့် ရုပ်ရှင်နဲ့ပက်သက်ပြီး ပရိသတ်ကြီးကို စကားလက်ဆောင်လေးပြောပေးပါဦးရှင့်။**
ဖြေ။ ။ကျွန်တော့် ပထမဦးဆုံးဂီလာရုပ်ရှင်ကို အားပေးသလို နောက်ထပ်ရိုက်ကူးသွားမယ့်ရုပ်ရှင်တွေကိုလည်း အားပေးကြပါဦး ခင်ဗျာ။ ကျွန်တော် ဒီထဲဒီဒီထက်ပိုပြီး ပရိသတ်ကြီးအကြိုက်နဲ့ ထပ်တူကျအောင်ရိုက်ကူးသွားပါ့မယ်လို့ ပြောချင်ပါတယ်။ ■

## Movie View

**▶ ယခုအပတ် ရုံတင်ရုပ်ရှင်ဇာတ်ကားကြီး**

မြစ်ကြီးနားမြို့ ရောရုပ်ရှင်ရုံတွင်ပြသမည့်ဇာတ်ကား
၂ - ၂ - ၂၀၁၈ မှ ၈ - ၂ - ၂၀၁၈ အထိ
မြန်မာကားကို နေ့လည် ၁၂ နာရီမှာတစ်ကြိမ်၊
၇ နာရီခွဲမှာတစ်ကြိမ် - ဝယ်ကျွန်
မြန်မာကား ညနေပိုင်း ၄ နာရီခွဲတွင် - ဥပါယ်တံမျဉ်








www.myitkyinanewsjournal.com http//www.facebook.com/myitkyinanewsjournal.mm Youtube - myitkyinanewsjournal

မြစ်ကြီးနားသတင်းဂျာနယ်

(ဖေဖော်ဝါရီ ၂ - ဖေဖော်ဝါရီ ၈၊ ၂၀၁၈)

# မိုးညှင်းဒီဂရီကောလိပ်မှ ကျောင်းသားများ သမဂ္ဂအဖွဲ့ဝင် ၄ ဦးအား ကျောင်းထုတ်အရေးယူမည်

ဇန်နဝါရီ ၂၉

မိုးညှင်း ဒီဂရီကောလိပ်မှ ကျောင်းသားများ သမဂ္ဂအဖွဲ့ဝင်လေးဦးအား ကျောင်းထုတ်ကာ အရေးယူသွားမည်ဟု သိရသည်။

“ရတနာပုံတက္ကသိုလ်မှာ လုပ်ခဲ့တဲ့သပိတ်စခန်းကို ဖြိုခွင်းလိုက်ပြီးနောက်မှာ ဖမ်းမိတဲ့ ကျောင်းသားတွေကို ကျောင်းစည်းကမ်းအရ တရားဝင် ကျောင်းထုတ်ခဲ့ကြတယ်။ ကျွန်တော်တို့ ကျောင်းကသွားခဲ့ကြတဲ့ ကျောင်းသား/သူတွေထဲက အဖမ်းခံရတဲ့ ကျောင်းသူ ၃ ဦးနဲ့ ကျောင်းသား တစ်ဦးကို သူတို့မိဘတွေဆီ ပြန်အပ်ထားတယ်။ မိဘတွေဆီအပ်တယ်ဆိုကတည်းက ကျောင်းကနေ အရေးယူဖို့ရှိလို့ပေါ့။ ညွှန်ကြားချက် မရောက်သေးပေမယ့် ကျောင်းစည်းကမ်းနဲ့ပဲ ထုတ်ပယ်ဖို့ရှိတယ်”ဟု မိုးညှင်းဒီဂရီကောလိပ်ကျောင်းအုပ်ကြီး ဒေါက်တာ အောင်ကျော်သင်က ပြောသည်။

အဆိုပါ မိုးညှင်းဒီဂရီကောလိပ်မှ ကျောင်းသားများ သမဂ္ဂအဖွဲ့ဝင်လေးဦးသည် မန္တလေးမြို့ရှိ ရတနာပုံတက္ကသိုလ်မှ ကျောင်းသား/သူ ၁၀၀ ခန့်နှင့်အတူ သပိတ်စခန်းဖွင့်၍ ဆန္ဒပြပွဲပြုလုပ်ခဲ့ကြောင်း၊ ထိုသို့ သပိတ်စခန်းဖွင့်၍ ဆန္ဒပြပွဲပြုလုပ်ခြင်းသည် ကျောင်းစည်းကမ်းနှင့် မညီသောကြောင့် တာဝန်ရှိသူများအနေဖြင့် ကျောင်းစည်းကမ်းအရ ထိုကျောင်းသားများအား ကျောင်းမှ ထုတ်ပယ်ခြင်းဖြင့် အရေးယူခြင်းဖြစ်ကြောင်း သိရသည်။

မိုးညှင်း ဒီဂရီကောလိပ်မှ ကျောင်းသားများ ပါဝင်သည့် သပိတ်စခန်းကို မန္တလေးရတနာပုံ တက္ကသိုလ်တွင် ဇန်နဝါရီလ ၂၂ ရက် မနက်ပိုင်းတွင် စတင်ဖွင့်လှစ်ခဲ့ကြောင်း၊ ၂၅ ရက် မနက် ၄ နာရီကျော်တွင် တာဝန်ရှိသူများက ထိုသပိတ်စခန်းအား သွားရောက်ဖြိုခွင်းကာ ဖမ်းဆီးခဲ့ကြောင်း မိုးညှင်း ဒီဂရီကောလိပ် ကျောင်းသားများသမဂ္ဂ၏ဥက္ကဋ္ဌက မြစ်ကြီးနားသတင်းဂျာနယ်သို့ ပြောသည်။

“ရတနာပုံတက္ကသိုလ် ပြည်ထောင်စုခန်းမမှာ ပမာနိုင်ငံလုံးဆိုင်ရာကျောင်းသားသမဂ္ဂများအဖွဲ့ချုပ်က ကျင်းပတဲ့ ကျောင်းသားအခွင့်အရေးနဲ့ ပတ်သက်ပြီး ပညာရေးနှီးနှောဖလှယ်ပွဲကို မိုးညှင်းကျောင်းသား/သူ ၉ ဦး သွားခဲ့ကြတယ်။ အခမ်းအနားကို တက်ရောက်လာတဲ့ ကျောင်းသားတွေက နှီးနှောဖလှယ်ပွဲရဲ့ ရလဒ်အချက် ၃ ချက်ကို ဘယ်လိုတောင်းဆိုသွားမယ်ဆိုတာ ဆုံးဖြတ်ချက်ချခဲ့ပြီး သပိတ်စခန်းဖွင့်ခဲ့တာပါ”ဟု မိုးညှင်းဒီဂရီကောလိပ်ကျောင်းသားများသမဂ္ဂ၏ ဥက္ကဋ္ဌ ကိုတင်နိုင်ဦးကရှင်းပြသည်။




ပညာရေးအသုံးစရိတ်တိုးမြှင့်ပေးရန် ရတနာပုံတက္ကသိုလ်ကျောင်းသားများ ဆန္ဒထုတ်ဖော်ပုံ

မိုးညှင်း ဒီဂရီကောလိပ် ကျောင်းသားများသမဂ္ဂအပါအဝင် တစ်နိုင်ငံလုံးတွင်ရှိသော ကျောင်းပေါင်း ၃၀ ခန့်မှ ကျောင်းသားသမဂ္ဂများက

၁။ ပညာရေးအသုံးစရိတ်များဆိုင်ရာ ကိစ္စရပ်များ

၂။ ဥပဒေနှင့် နည်းပညာဆိုင်ရာ လိုအပ်ချက်များ

၃။ ကျောင်းအသီးသီး၏ ကျောင်းတွင် အထွေထွေလိုအပ်ချက်များ စသည့်အချက် ၃ ချက်ကို ဆွေးနွေးခဲ့ကြသည်။

အဆိုပါ ဆွေးနွေးချက်များနှင့်ပတ်သက်၍ အစိုးရက ပညာရေး အသုံးစရိတ်အား မြှင့်တင် အသုံးပြုပေးနိုင်ရေးအတွက် “ပညာရေးအသုံးစရိတ် မြှင့်ပေးရေးတိုက်ပွဲကော်မတီ”ကို ဇန်နဝါရီလ ၂၀ ရက် ညနေပိုင်းတွင် ဖွဲ့စည်းကာ သပိတ်စခန်းဖွင့်၍ တောင်းဆိုခဲ့ခြင်းဖြစ်ကြောင်း သိရသည်။

မိုးညှင်းဒီဂရီကောလိပ် ကျောင်းသားများသမဂ္ဂအနေဖြင့် ကျောင်းသားအရေးနှင့် ပတ်သက်၍ တစ်နိုင်ငံလုံးရှိ ကျောင်းများပါဝင်သည့် သပိတ်စခန်းများ ဆက်လက်ဖြစ်ပွားပါက ဆက်လက်ပူးပေါင်းဆောင်ရွက်သွားမည် ဖြစ်ကြောင်း ကိုတင်နိုင်ဦးက ဆက်လက်ပြောသည်။

အစိုးရတာဝန်ရှိသူများ၏ ဖမ်းဆီးခြင်းကိုခံခဲ့ရသော မိုးညှင်းဒီဂရီကောလိပ် ကျောင်းသူ/သားများသည် မိုးညှင်းမြို့ရှိမြို့မရပ်ကွက်၊ နတ်ကြီးကုန်း၊ ပမာပိုင်းတွင် နေထိုင်သည့် ရူပဗေဒမေဂျာမှ စတုတ္ထနှစ် ကျောင်းသား မောင်အောင်မြတ်ထွေး၊ နန်းမားကျေးရွာအုပ်စုရှိ နန်းခမ်းကျေးရွာတွင် နေထိုင်သည့် သချာ်မေဂျာမှ တတိယနှစ် ဂုဏ်ထူးတန်း တက်ရောက်နေသော မမြတ်နိုးဝေ၊ မိုးကောင်းမြို့နယ် ထုံးရေပေါက်ကျေးရွာအုပ်စု၊ ပွင့်ဖြူကျေးရွာတွင် နေထိုင်သည့် သမိုင်းမေဂျာမှ စတုတ္ထနှစ် ကျောင်းသူ မဖူးပွင့်ငုံ၊ ဖားကန့်မြို့တွင်နေထိုင်သည့် သချာ်မေဂျာတွင် တတိယနှစ်ဂုဏ်ထူးတန်းတက်ရောက်နေသော ကျောင်းသူ မစုလှိုင်ဝင်းတို့ဖြစ်သည်။

၎င်းတို့လေးဦးအား ဇန်နဝါရီလ ၂၆ရက်တွင်မြစ်ကြီးနားတက္ကသိုလ် ပင်မဆောင်အစည်းအဝေးခန်းမ၌ သက်ဆိုင်ရာ တာဝန်ရှိသူများက မိဘအုပ်ထိန်းသူများထံ ပြန်လည်အပ်နှံပေးခဲ့ကြောင်း မိုးညှင်းမြို့နယ်ရှိ အထွေထွေအုပ်ချုပ်ရေးမှူးရုံးမှ သိရသည်။

“ရတနာပုံ သပိတ်စခန်းကို မိုးညှင်းဒီဂရီကောလိပ်ကျောင်းက ကျောင်းသား/သူ ၉ ဦး သွားခဲ့တာဟုတ်ပေမယ့် ၅ ယောက်က မိုးညှင်းကိုပြန်လာပြီး နောက်တစ်နေ့မှ သပိတ်စခန်းဖြိုခွင်းတာ။ အဲဒါကြောင့် သပိတ်စခန်းမှာကျန်ခဲ့တဲ့လေးဦး အဖမ်းခံခဲ့ရတာ”ဟု မိုးညှင်း ဒီဂရီကောလိပ် ကျောင်းသားများသမဂ္ဂ၏ ဥက္ကဋ္ဌကပြောသည်။

ထွန်းထွန်း(မိုးညှင်း)

# သိန်း ၂၅၀ ခန့် တန်ဖိုးရှိသော ဘိန်းဆီ၊ ဘိန်းခဲများကို နန်းပုတ်ရွာရှိ စိုက်ပျိုးရေးခြံတစ်ခြံတွင် တွေ့ရှိ

ဇန်နဝါရီ ၂၆

မိုးညှင်းမြို့၊ နန်းပုတ်ကျေးရွာရှိ စိုက်ပျိုးရေးခြံတစ်ခြံအတွင်း ငွေကျပ် သိန်း ၂၅၀ ခန့် တန်ဖိုးရှိသော ဘိန်းဆီ၊ ဘိန်းခဲများကို ရှာဖွေတွေ့ရှိခဲ့ကြောင်း သိရသည်။

မူးယစ်ဆေးဝါး သတင်းရရှိသဖြင့် ဇန်နဝါရီလ ၂၆ ရက် နံနက် ၉ နာရီခန့်တွင်အဆိုပါ နန်းပုတ်ကျေးရွာရှိ စိုက်ပျိုးရေးခြံအတွင်း ဝင်ရောက်ရှာဖွေရာ အထက်ပါအတိုင်း သိန်း ၂၅၀ ခန့် တန်ဖိုးရှိသော ဘိန်းဆီ၊ ဘိန်းခဲများကို တွေ့ရှိခဲ့ခြင်းဖြစ်ကြောင်း မိုးညှင်းမြို့မရဲစခန်းမှ သိရသည်။

ထိုဘိန်းဆီ၊ ဘိန်းခဲများကို တွေ့ရှိသည့် စိုက်ပျိုးရေးခြံနှင့် နေအိမ်ကို အသက် ၃၄ နှစ်အရွယ် မသီတာဝင်းမောင်(ခ)ပဲလှော်ဆိုသူက ပိုင်ဆိုင်သည်ဟု သိရသည်။

“သတင်းရတာနဲ့ ချက်ချင်းသွားရှာဖွေခဲ့တာပါ။ ခြံပိုင်ရှင်ကတော့ ထွက်ပြေးသွားလို့ လွတ်မြောက်နေပါသေးတယ်” ဟု မိုးညှင်းမူးယစ်တပ်ဖွဲ့စု ၃ မှ ဒုရဲအုပ်အောင်ပိုင်က ပြောသည်။

ဖြစ်စဉ်မှာ မူးယစ်ဖမ်းဆီးရေးအဖွဲ့သည် မူးယစ်ဆေးဝါး သတင်းရရှိသဖြင့် သွားရောက်ရှာဖွေရာ နန်းပုတ်ကျေးရွာရှိ မသီတာဝင်းမောင်၏ စိုက်ပျိုးရေးခြံဝင်း၏ ပေ ၂၀ ခန့်အကွာရှိ ခြုံအတွင်း ဘိန်းစိမ်း ၀၂ ကီလိုဂရမ်ခန့်၊ နေအိမ်တဲအနောက်ဘက် ၁၀ ပေခန့်အကွာရှိခြုံအတွင်း ဘိန်းဆီခဲ ၅၄၀ ဂရမ်ခန့်နှင့် ဘိန်းစိမ်း ၃၀၀ ဂရမ်ခန့်အပြင် ဘိန်းရည် ၀ ဒသမ ၈ လီတာခန့်တို့ကို တွေ့ရှိခဲ့ခြင်းဖြစ်ကြောင်း သိရသည်။

ထို့အပြင် စတီးချိန်ခွင် အသေး ၁ ခု၊ ဓာတ်ခဲ ၂ လုံး၊ အမျိုးသမီးသုံး သိုးမွေးမာဖလာတစ်ခုနှင့် အရှည် ၅ လက်မခန့်ရှိသော ဓားတစ်ချောင်းအပြင် မူးယစ်ဆေးဝါး ကျိုချက်ရာတွင် အသုံးပြုသည်ဟု ယူဆရသည့် သတ္တုဇယ်အိုးအကြီးနှင့် အသေးတစ်လုံးစီတို့ကို နေအိမ်အတွင်းရှိ အိပ်ယာကြမ်းပြင်ပေါ်တွင် တွေ့ရှိခဲ့ကြောင်း သိရသည်။

အဆိုပါ ဘိန်းဆီ၊ဘိန်းခဲများတွေ့ရှိခဲ့သည့် စိုက်ပျိုးရေးခြံပိုင်ရှင်အား မိုးညှင်းမြို့မရဲစခန်းတွင် မယ(ပ)၀၈ မူး/ စိတ်ပုဒ်မ၁၉/(က)ဖြင့် အမှုဖွင့်ထားသော်လည်း လက်ရှိအချိန်တွင် မသီတာဝင်းမောင်(ခ)ပဲလှော်ဆိုသူမှာ ထွက်ပြေးလွတ်မြောက်နေဆဲ ဖြစ်ကြောင်း သိရသည်။

ထွန်းထွန်း (မိုးညှင်း)

# လိုင်စင်မဲ့ကားလေးစီး သယ်ဆောင်ခဲ့သူများကို နယ်ခြားစောင့်တပ်ဖွဲ့ဝင် ယောင်ဆောင်မှုဖြင့်ပါ ထပ်မံအမှုဖွင့်

ဇန်နဝါရီ ၂၅

တပ်မတော်ကွပ်ကဲမှုအောက်တွင် တရားဝင်ဖွဲ့စည်းထားသော နယ်ခြားစောင့်တပ်မှ တပ်ဖွဲ့ဝင်များအဖြစ် အယောင်ဆောင်၍ ကချင်ပြည်နယ်၊ မိုးညှင်းမြို့နယ်အတွင်းသို့ လိုင်စင်မဲ့ကားလေးစီးသယ်ဆောင် တင်သွင်းခဲ့သူများကို အမှုနှစ်ခုဖွင့်ထားကြောင်း သိရသည်။

ထိုသူများသည် ဇန်နဝါရီလ ၁၆ ရက်တွင် လိုင်စင်မဲ့ယာဉ်များဖြင့် နန်းပုတ်ကျေးရွာအရှေ့ရှိ မောင်းတံစစ်ဆေးရေးဂိတ်အား ရှောင်ကွင်းသည့် တောလမ်းအတိုင်း မောင်းနှင်ကာ မိုးညှင်းမြို့နယ်အတွင်းသို့ ဝင်ရောက်လာသည့်အပြင် ကရင်ပြည်နယ် နယ်ခြားစောင့်တပ်ဖွဲ့ဝင်များအဖြစ်အယောင်ဆောင်မှုကြောင့် မိုးညှင်းမြို့၊ အမြောက်တပ် ၂၀၈ ကြည်းမှ ဒုဗိုလ်မှူးကြီး စိုးညဏ်ဝင်းက မိုးညှင်းမြို့မရဲစခန်းတွင် တရားလိုပြုလုပ်ကာ အထက်ပါအတိုင်း အမှု ၂ ခု ဖွင့်ထားခြင်းဖြစ်သည်။

“အစက ၁၆ ရက်နေ့က လိုင်စင်မဲ့ကား တင်သွင်းမှုတစ်ခုတည်းနဲ့ပဲ အမှုဖွင့်ထားတာ။ နောက်တော့မှ သူတို့ဟာ နယ်ခြားစောင့်တပ်ဖွဲ့ဝင်မဟုတ်ဘဲ တပ်ဖွဲ့ဝင် အယောင်ဆောင်ထားတယ်ဆိုတာသိရလို့ ၂၅ ရက်နေ့မှာ တပ်မတော်ကတရားလိုပြုလုပ်ပြီး အခုလို ထပ်မံအမှုဖွင့်ခဲ့တာပါ”ဟုမိုးညှင်းမြို့မရဲစခန်းမှစခန်းမှူး ဒုရဲမှူး ထွန်းမြင့်အောင်က ပြောသည်။

“လိုင်စင်မဲ့ကားများကို ယခုလ ၁၆ ရက် နံနက်တွင် နန်းပုတ်ကျေးရွာ အရှေ့ရှိ မောင်းတံစစ်ဆေးရေးဂိတ်အား ရှောင်ကွင်းသည့် တောလမ်းအတိုင်း သယ်ဆောင်မောင်းနှင်လာသည်ကို တွေ့ရှိသဖြင့်ဖမ်းဆီးခဲ့ရာ ကားပေါ်တွင်လိုက်ပါလာသူ ၅ ဦးအနက် ထွန်းလင်းဆိုသူမှအပ အခြားသူများမှာ ကရင်ပြည်နယ်ရှိ နယ်ခြားစောင့်တပ်ဖွဲ့ဝင်များအဖြစ် ဟန်ဆောင်ခဲ့ကြသောကြောင့် စစ်ဆေးသိရှိချိန်တွင် အထက်ပါအတိုင်း အမှုထပ်မံဖွင့်ခဲ့ခြင်းဖြစ်ကြောင်း သိရသည်။

အဆိုပါ လိုင်စင်မဲ့ယာဉ်လေးစီးကို မြိုင်ကြီးငူတပ်ရင်း (၁၀၁၀) ၁၃ ဂိတ် မှ BGF ဗိုလ်ကြီးအဆင့်ရှိသူဟု လိမ်လည်ခဲ့သူ စောကမ္ဘာ၊ တပ်ရင်း ၁၀၁၁ မှ BGF တပ်သားဟု လိမ်လည်သူ သန့်တင်ဦး၊ တပ်ရင်း ၁၀၁၁ မှ BGF ဒုဗိုလ်အဆင့်ရှိသူဟု လိမ်လည်ခဲ့သူ စောညီညီဆွေနှင့် ထွန်းလင်းအပြင် စောနန်းအောင်ဆိုသူတို့က ထိုင်းနိုင်ငံဘက်မှ ဝင်ရောက်လာသည့် ယာဉ်လေးစီးကို မြဝတီမြို့မှ တစ်ဆင့် မြစ်ကြီးနားမြို့သို့ သယ်ဆောင်ခဲ့ကြခြင်း ဖြစ်ကြောင်း မိုးညှင်းမြို့နယ် ရဲတပ်ဖွဲ့မှူးရုံးမှ သိရသည်။

အဆိုပါ ဖြစ်စဉ်ကြောင့် လိုင်စင်မဲ့ယာဉ် တင်သွင်းလာသူများကို အမှုအမှတ် ပ(၁၄)/၂၀၀၈၊ ပ(၁၅)/၂၀၀၈၊ ပ(၁၆)/၂၀၀၈၊ ပ(၁၇)/၂၀၀၈ နှင့် ပို့ကုန်သွင်းကုန်ဥပဒေပုဒ်မ ၈ တို့ဖြင့် အမှုဖွင့် ဖမ်းဆီးခဲ့သည့်အပြင် ကရင်ပြည်နယ် နယ်ခြားစောင့်တပ်ဖွဲ့ဝင်များအဖြစ် ဟန်ဆောင်မှုကြောင့် (ပ)၂၄ ရာဇသတ်ကြီးပုဒ်မ ၁၇၀ ဖြင့် အမှုဖွင့် အရေးယူထားကြောင်း သိရသည်။

ထွန်းထွန်း(မိုးညှင်း)

# Miss Supermodel Worldwide 2018 တွင် မြန်မာနိုင်ငံ ကိုယ်စားပြုအဖြစ် L လုံးလုံ သွားရောက်ယှဉ်ပြိုင်မည်

ဇန်နဝါရီ ၂၈

အိန္ဒိယနိုင်ငံတွင် ပထမဦးဆုံးအကြိမ် ကျင်းပပြုလုပ်မည့် Miss Supermodel Worldwide 2018 တွင် မြန်မာနိုင်ငံကိုယ်စားပြုအဖြစ် မော်ဒယ်လ် အယ်လ်လုံးလုံ သွားရောက်ယှဉ်ပြိုင်မည်ဟု သိရသည်။




အဆိုပါပြိုင်ပွဲကို မတ်လ ၁၅ ရက်မှ ၂၆ ရက်အထိ ကျင်းပသွားမည်ဖြစ်ပြီး ထိုပွဲသို့ သွားရောက်ယှဉ်ပြိုင်ရန် Miss Supermodel Worldwide Myanmar 2018 မော်ဒယ်လ် အယ်လ်လုံးလုံကို ရွေးချယ်စေလွှတ်ခြင်းမှာ သူမသည် ပြိုင်ပွဲအတွေ့အကြုံများသောကြောင့်ဖြစ်ကြောင်း Myanmar Beauty Paradise Organization မှ တာဝန်ရှိသူ လယောက်လွှမ်းဒေါင်က မြစ်ကြီးနားသတင်းဂျာနယ်သို့ ပြောသည်။

"ပွဲက အရမ်းနီးကပ်နေတာကြောင့် အတွေ့အကြုံရှိပြီးသားသူကို သွားရောက်ယှဉ်ပြိုင်စေတာဖြစ်ပါတယ်။ လုံးလုံက အခုအချိန်မှာ Perfect ဖြစ်တဲ့ အနေအထားကို ရောက်နေတဲ့ မော်ဒယ်လ်ဖြစ်တယ်။ ကျွန်တော်တို့လည်း သူ့အတွက် ပြိုင်ပွဲအတွင်း အဘက်ဘက်ကလိုလေသေးမရှိအောင် သေချာပြင်ဆင်ပေးနေပါတယ်"ဟု လယောက်လွှမ်းဒေါင်က ပြောသည်။

ယခုပြိုင်ပွဲသည် မော်ဒယ်လ် အယ်လ်လုံးလုံအတွက် ပထမဦးဆုံးအကြိမ် နိုင်ငံတကာမော်ဒယ်များနှင့် ယှဉ်ပြိုင်ရသောပြိုင်ပွဲဖြစ်ပြီး ထိုပွဲတွင် အကောင်းဆုံး ယှဉ်ပြိုင်သွားမည်ဟု မြစ်ကြီးနားသတင်းဂျာနယ်သို့ ပြောသည်။

"ကိုယ်က မြန်မာနိုင်ငံကိုယ်စားပြုအဖြစ် သွားပြိုင်ရမှာဆိုတော့ အရမ်းတာဝန်ကြီးပါတယ်။ ဒါကြောင့် ဘော်ဒီပိုင်းတွေ၊ ဘာသာစကားတွေကအစ သေချာပြင်ဆင်နေပါတယ်။ ပွဲလည်းအရမ်းနီးနေပြီဆိုတော့ စိတ်လည်းလောနေမိတယ်"ဟု အယ်လ်လုံးလုံက ပြောသည်။

အဆိုပါ Miss Supermodel Worldwide 2018 ပြိုင်ပွဲကိုမတ်လတွင် ပြုလုပ်သွားမည်ဖြစ်ပြီး ထိုပြိုင်ပွဲသို့ နိုင်ငံပေါင်း ၅၉ နိုင်ငံမှ မော်ဒယ်များ ပါဝင်ယှဉ်ပြိုင်သွားမည်ဖြစ်ကြောင်း သိရသည်။

ဆိုင်းထွယ်ဇင်

# 4th Miss Universe Myitkyina ပြိုင်ပွဲဝင်လျှောက်လွှာ စတင်လျှောက်ထားနိုင်ပြီ

ဇန်နဝါရီ ၂၈

မြစ်ကြီးနားမြို့တွင် စတုတ္ထအကြိမ်မြောက် ကျင်းပသွားမည့် 4th Miss Universe Myitkyina ပြိုင်ပွဲအတွက် ပြိုင်ပွဲဝင်လျှောက်လွှာများကို စတင်ခေါ်ယူနေပြီဖြစ်ကြောင်း Maran Entertainment မှသိရသည်။




အဆိုပါပြိုင်ပွဲကို မတ်လ ၁၉ ရက်နေ့၌ မြစ်ကြီးနားမြို့တွင် ကျင်းပသွားမည်ဖြစ်ပြီရာ ဝင်ရောက်ယှဉ်ပြိုင်ရန် စိတ်ပါဝင်စား၍ လျှောက်ထားလိုသူများအနေဖြင့် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံသား ကချင်ပြည်နယ် မှတ်ပုံတင်ကိုင်ဆောင်ထားသောသူ ဖြစ်ရမည်၊ အသက် ၁၇ နှစ်မှ ၂၅ နှစ်ကြား၊ အရပ်အမြင့် ၅ ပေ ၅ လက်မအထက်ရှိရမည်၊ အိမ်ထောင်မပြုဖူးသူ၊ ကလေးမမွေးဖူးသူဖြစ်ရမည်ဟု သတ်မှတ်ထားပြီး၊ ပြေပြစ်လှပသော ရုပ်ရည်ပိုင်ဆိုင်ထား၍ မိမိကိုယ်ကိုမိမိ ယုံကြည်မှုရှိသော လူမျိုးမရွေးဘာသာမရွေး အမျိုးသမီးများအားလုံး ဝင်ရောက်ယှဉ်ပြိုင်နိုင်ကြောင်း သိရသည်။

ဂုဏ်အလှမယ် ပြိုင်ပွဲတွင် အနိုင်ရရှိသော အလှမယ်ကို Ok Silversmith မှချီးမြှင့်သော မနောဧကရီ ကျောက်စိမ်းသရဖူ ၊ Miss Universe Myanmar 2019 ယှဉ်ပြိုင်ခွင့်။ တစ်နှစ်စာ လစာခံစားခွင့်၊ နာမည်ကြီး ဒီဇိုင်နာများ၏ ဝတ်စုံများ တစ်နှစ်တာ ဝတ်ဆင်ခွင့်၊ Beauty Bar By Ja Noi Pan တွင် တစ်နှစ်တာ အခမဲ့ဆံကေသာထိန်းသိမ်းခွင့်နှင့် Miss Universe Myanmar 2019 ပြိုင်ပွဲအတွင်း ရန်ကုန်မြို့ရှိ Apartment တွင် အခမဲ့နေထိုင်ခွင့်တို့ ရရှိမည်ဖြစ်ကြောင်း သိရသည်။

ပြိုင်ပွဲဝင်လျှောက်လွှာများကို Manmade House Of Fashion, Beauty Bar By Ja Noi Pan, Makeup Ah Gam, Makeup Ah Brang, Dear wedding Photo Studio တို့တွင် ရယူနိုင်ပြီး ဖေဖော်ဝါရီ ၂၅ ရက်နေ့အထိ နောက်ဆုံးထား လျှောက်ထားနိုင်ကြောင်း သိရသည်။

ပထမအကြိမ်မြောက် Miss Universe Myitkyina အဖြစ် အလှမယ် နန်လတ်ဆိုင်းမိုင်၊ ဒုတိယအကြိမ်မြောက် Miss Universe Myitkyina အဖြစ် အလှမယ်ဂျာဒင်ကိုင်၊ တတိယအကြိမ်မြောက် Miss Universe Myitkyina အဖြစ် အလှမယ် ရှိစလင်းဆိုင်းနူးနူးပန် တို့က ဆွတ်ခူးရရှိခဲ့ကြပြီး Miss Universe Myanmar အလှမယ်ပြိုင်ပွဲကြီးသို့ ကချင်ပြည်နယ်ကိုယ်စားပြုအလှမယ်အဖြစ် သွားရောက် ယှဉ်ပြိုင်ခဲ့ကြသည်။

ဆိုင်းထွယ်ဇင်

# ပန်းမော်မြို့တွင်ကျင်းပပြုလုပ်မည့် Mr & Miss Kachin State 2018 ပြိုင်ပွဲအတွက် စခန်းသွင်းလေ့ကျင့်

ဇန်နဝါရီ ၂၈

K Entertainmentမှ ဦးစီးပြီး ပန်းမော်မြို့တွင်ကျင်းပပြုလုပ်သွားမည့် Mr & Miss Kachin State 2018 ပြိုင်ပွဲအတွက် စာနယ်ဇင်းမိတ်ဆက်ပွဲအခမ်းအနားကို ဇန်နဝါရီ ၂၈ ရက်နေ့က ပန်းမော်မြို့ရှိ Friendship Hotel တွင် ကျင်းပခဲ့သည်။

အဆိုပါ အခမ်းအနားတွင် ဇကာတင်အလှမယ် ၂၀ ဦးနှင့် Mister ၂၀ ဦးကို မိတ်ဆက်ပေးခဲ့ပြီး ဖေဖော်ဝါရီလဆန်းပိုင်းမှစတင်ကာ ၎င်းတို့ကိုစခန်းသွင်းလေ့ကျင့်သင်ကြားပေးသွားမည်ဖြစ်ကြောင်းကို K Entertainment မှ တာဝန်ရှိသူ ကိုကောင်းမြတ်က မြစ်ကြီးနားသတင်းဂျာနယ်သို့ ပြောသည်။

"ကျွန်တော်တို့ ပြိုင်ပွဲဝင်တွေကို ယုံကြည်မှုရှိရှိပြိုင်ပွဲဝင်နိုင်ဖို့ အတွေ့အကြုံရင့်တဲ့ Training ဆရာနဲ့ လေ့ကျင့်ပေးသွားပါမယ်။ သူတို့က ကချင်ပြည်နယ်ကိုယ်စားပြုအလှမယ်တွေ၊ Mister တွေဖြစ်လာမှာဟုတ်လို့ တခြားပြည်နယ်က အလှမယ်တွေ Mister နဲ့ ယှဉ်လိုက်ရင် ကျွန်တော်တို့ပြည်နယ်က အလှမယ်တွေက တော်တယ်၊ ထက်တယ်ဆိုပြီး ချီးကျူးနိုင်လောက်တဲ့အထိ သင်ကြားပေးသွားပါ့မယ်"ဟု ကိုကောင်းမြတ်က ပြောသည်။

ကချင်ပြည်နယ်ကိုယ်စားပြုအလှမယ်များနှင့် Mister များရွေးချယ်သွားမည့် Mr & Miss Kachin State 2018 Grand Final ပြိုင်ပွဲကို ဖေဖော်ဝါရီလ ၂၅ ရက်ညတွင် ပန်းမော်မြို့ရှိ သိမ်မဟာခန်းမ၌ ကျင်းပသွားမည်ဖြစ်ပြီး ထိုပြိုင်ပွဲအတွက် ဝတ်စုံများကို ဒီဇိုင်နာ မျိုးမင်းစိုး၊ ပြည့်ဖြိုးမင်း၊ အောင်ဇာနည်ဟိန်း၊ အောင်ဆိုင်းဆန်၊ TB Seng တို့က ကူညီပံ့ပိုးပေးသွားမည်ဖြစ်ကြောင်း သိရသည်။




ထိုပွဲမှ အနိုင်ရရှိခဲ့သော အလှမယ် ၅ ဦး နှင့် Mister ၅ ဦးကို ရန်ကုန်မြို့တွင်ကျင်းပမည့် သက်ဆိုင်ရာအလှမယ်ပြိုင်ပွဲ၊ Mister ပြိုင်ပွဲများသို့ ကချင်ပြည်နယ်ကိုယ်စားပြု အလှမယ်အဖြစ် သွားရောက်ယှဉ်ပြိုင်စေမည်ဖြစ်ကြောင်း သိရသည်။

ဆိုင်းထွယ်ဇင်



# ဖုန်ဂန် FC အသင်းကို ကချင်ယူနိုက်တက် FC အမည်ဖြင့် ပြောင်းလဲယှဉ်ပြိုင်

ဇန်နဝါရီ ၂၅

ယခုနှစ် ဘောလုံးရာသီမှစတင်၍ ဖုန်ဂန် FC အသင်းကို ကချင်ယူနိုက်တက် FC အမည်ဖြင့် ပြောင်းလဲယှဉ်ပြိုင်သွားမည်ဖြစ်ကြောင်း သိရသည်။

ဖုန်ဂန် FC အမည်သည် လူသိနည်းပြီး အသင်းအမည်ကို ပြည်သူအများ နားမလည်ကြသည့်အတွက် ယခုကဲ့သို့ ကချင်ယူနိုက်တက် FC ဟု အမည်ပြောင်းလဲခဲ့ခြင်းဖြစ်ကြောင်း အသင်း၏ဥက္ကဋ္ဌ ဦး S ဒီးတန်က မြစ်ကြီးနားသတင်းဂျာနယ်သို့ ပြောသည်။

အမည်ပြောင်းထားသည့် ကချင်ယူနိုက်တက်အသင်းကို ဘောလုံး ကစားသမား ၂၅ ဦးဖြင့်ဖွဲ့စည်းထားပြီး ကချင်ပြည်နယ်မှ ပြည်နယ်လက်ရွေးစင်ကစားသမားနှင့် မြို့နယ်လက်ရွေးစင်ကစားသမား ၁၆ ဦး ပါဝင်သည်ဟု အသင်း၏မန်နေဂျာဦးမျိုးရမ်က ပြောသည်။

"နာမည်ရယ် လိုဂိုရယ်ပဲ ပြောင်းသွားတာပါ။ ရည်ရွယ်ချက်ကတော့ အတူတူပါပဲ။ ကချင်ပြည်နယ်က ထူးချွန်တဲ့ ဘောလုံးသမားတွေ ပေါ်ထွန်းလာဖို့ ကိုယ်ဒေသက ကစားသမားတွေကို နိုင်ငံဂုဏ်ဆောင် ကစားသမားတွေ ဖြစ်လာဖို့ ရည်ရွယ်ချက်နဲ့ အသင်းကို ဖွဲ့စည်းထားတာပါ"ဟု ဦးမျိုးရမ်က ဆက်လက်ပြောသည်။

ကချင်ယူနိုက်တက် FC အသင်းကို ပြည်နယ်အတွင်းရှိ ကစားသမားများဖြင့် အဓိက ယှဉ်ပြိုင်သွားမည်ဖြစ်ကြောင်း အသင်း၏ဥက္ကဋ္ဌကဦးSဒီးတန်က ပြောသည်။

"ကစားသမားကတော့ ကချင်မျိုးနွယ်စုတွေထဲကရော၊ ကချင်ပြည်နယ်မှာရှိတဲ့ တိုင်းရင်းသားမျိုးနွယ်စုတွေထဲက လူတွေ အများဆုံးပါတယ်" ဟု ဦး S ဒီးတန်က ဆက်လက်ပြောသည်။



ကချင်ယူနိုက်တက် FC သည်ပြည်နယ်အတွင်းရှိဘောလုံးဝါသနာရှင် လူငယ်များအတွက် နိုင်ငံလက်ရွေးစင်အဖြစ်ရောက်ရှိလာနိုင်သည့် အခွင့်အရေးရှိသည်ဟု ၎င်းကဆိုသည်။

"ကချင်ပြည်နယ်မှာရှိတဲ့ ကစားသမားတွေအနေနဲ့ ပရော်ဖက်ရှင်နယ်တန်းဝင်ကစားနိုင်အောင်၊ ပြီးတော့ ထူးချွန်တဲ့သူတွေအနေနဲ့ ထူးချွန်ရင်ထူးချွန်သလို နိုင်ငံ့လက်ရွေးစင်အထိ ရောက်လာမယ်၊ ပေါ်ထွန်းလာမယ်။ တခြားနိုင်ငံက ကလပ်အသင်းတွေမှာလည်း ကစားလို့ရတဲ့ လမ်းကြောင်းတွေ ရှိတဲ့အတွက် ဘောလုံးဝါသနာရှင်တွေအနေနဲ့ အောင်မြင်အောင် ကြိုးစားကြပါ"ဟု ဦး S ဒီးတန်က ပြောသည်။ Myanmar National League 2, 2018 ဘောလုံးပြိုင်ပွဲကို ဇန်နဝါရီလ ၂၆ ရက်တွင် စတင်ကျင်းပခဲ့ပြီး ထိုဘောလုံးပြိုင်ပွဲတွင် ကချင်ယူနိုက်တက် FC အသင်းက အဖွင့်ပွဲစဉ်အဖြစ် ယူနီဟာစတီအသင်းနှင့် ယှဉ်ပြိုင်ကစားခဲ့ရာ နှစ်ဂိုးနှစ်ဂိုးဖြင့် သရေကျခဲ့သည်။

ယခင်က Myanmar National League ပြိုင်ပွဲတွင် ကချင်ပြည်နယ်ကိုယ်စားပြု ဘောလုံးအသင်းအနေဖြင့် မနော FC ရှိခဲ့သော်လည်း ထိုအသင်းသည် ၂၀၁၆ ခုနှစ်က ကျင်းပခဲ့သည့် MNL ပြိုင်ပွဲမှ စတင်ရပ်နားခဲ့သည်။

Salai

# အခြေခံပညာကျောင်းပေါင်းစုံ အားကစားပြိုင်ပွဲပြုလုပ်




ကျောင်းပေါင်းစုံ အားကစားပွဲ ကျင်းပနေမှု ဓါတ်ပုံ - ဆိုင်း(ကချင်မြေ)

ဇန်နဝါရီ ၂၉

ကချင်ပြည်နယ်အတွင်းရှိ ကျောင်းသားကျောင်းသူများ မူးယစ်ဆေးဝါး သုံးစွဲမှုမရှိစေရန် ရည်ရွယ်ချက်ဖြင့် အခြေခံပညာကျောင်းပေါင်းစုံ အားကစားပြိုင်ပွဲတစ်ရပ် ကျင်းပခဲ့သည်။

"အဓိကကတော့ ဆရာတို့အနေနဲ့ ကလေးတွေ မူးယစ်ဆေးဝါးဘက်ကို စိတ်မရောက်စေဖို့ ရည်ရွယ်ပြီး အခုလို အားကစားပွဲလုပ်ဖြစ်တာပါ။ နှစ်စဉ်နှစ်တိုင်းလည်း ဆက်လုပ်ဖြစ်သွားပါ့မယ်" ဟု ကချင်ပြည်နယ် ပညာရေးမှူးရုံးမှ ဒုတိယညွှန်ကြားရေးမှူး (စီမံ) ဦးမင်းဦးက မြစ်ကြီးနားသတင်းဂျာနယ်ကို ပြောသည်။

အဆိုပါ အခြေခံပညာကျောင်းပေါင်းစုံ အားကစားပြိုင်ပွဲကြီးကို မြစ်ကြီးနားမြို့ရှိ ပြည်နယ်အားကစားကွင်းတွင် ယခုလ ၂၇ ရက်မှစတင်၍ တစ်ပတ်ကြာ ကျင်းပခဲ့ကြောင်း သိရသည်။

ထိုအခြေခံပညာကျောင်းပေါင်းစုံအားကစားပြိုင်ပွဲကြီးတွင် ဘောလုံး၊ သံလုံးပစ်၊ ပြေးခုံပစ်၊ လက်ဆင့်ကမ်းအပြေးပြိုင်ပွဲစုံ၊ ဘောလီဘော၊ စာပွဲတင်တင်းနစ်၊ လှံတံပစ်၊ ခြင်းလုံး စသောအားကစားနည်းများပါဝင်ကြောင်း သိရသည်။

"အားကစားနည်းတစ်ခုတိုင်းမှာ မိန်းကလေးပွဲနဲ့ ယောကျ်ားလေးပွဲဆိုပြီး နှစ်မျိုးခွဲပြီး ကစားခိုင်းတယ်။ နောက်ပြီး အဲဒီလိုကစားနည်းတွေတိုင်းမှာ ပ၊ ဒု၊ တ ဆိုပြီး ဆုတွေပေးပါတယ်"ဟု အားကစားပွဲဖြစ်မြောက်ရေးတာဝန်ခံ ဦးစီးအရာရှိ ဦးခင်မောင်ရီက ပြောသည်။

အဆိုပါ အားကစားပွဲမှ ပေါ်ထွက်လာမည့် ထူးချွန်အားကစားသမား ကျောင်းသား၊သူများကို တိုင်းဒေသကြီးနှင့် ပြည်နယ်ပေါင်းစုံ အခြေခံပညာကျောင်းအားကစားပြိုင်ပွဲများတွင် ဆက်လက်ယှဉ်ပြိုင်သွားစေမည်ဖြစ်ကြောင်း ပြည်နယ်ပညာရေးမှူးရုံးမှ သိရသည်။

ဆိုင်း (ကချင်မြေ)

နောက်ကျောမှ »

ရှုအပ္ပပိုင်းရာသီဥတုရပ်ဝန်းမှာတည်ရှိပြီး၊ ပျမ်းမျှခြင်း ပင်လယ်ရေမျက်နှာပြင်အမြင့် ဟာမီတာ ၈၀၀ ကနေ ၁၃၀၀ အထိရှိပါတယ်။ တစ်နှစ်လုံးရဲ့ ပျမ်းမျှအပူချိန်ဟာ ၁၈ ဒသမ ၄ စင်တီဂရိတ်ကနေ ၂၀ ဒသမ ၃ စင်တီဂရိတ်အထိရှိပြီး၊ တစ်နှစ်လုံးရဲ့ မိုးရေချိန်လက်မဟာ ၁၄၃၆မီလီမီတာကနေ ၁၇၀၉ မီလီမီတာအထိ ရှိပါတယ်။ တစ်နှစ်လုံး နေအလင်းရောင်ရချိန်ပေါင်း ၂၂၈၀ နာရီကနေ ၂၄၅၃ နာရီကြားမှာရှိပြီး၊ ဆောင်းတွင်းသိပ်မအေး၊ နွေတွင်းသိပ်မပူသော ရာသီဥတုရှိရာဒေသဖြစ်တဲ့အတွက် တစ်နှစ်ပတ်လုံး ပန်းမန်များပွင့်လန်းနေတာကို တွေ့မြင်ကြရမှာဖြစ်သလို၊ သစ်သီးဝလံများအပင်မှာ ချိတ်တွဲနေတာကိုလည်း တွေ့မြင်ကြရမှာဖြစ်ပါတယ်။ ဒါကြောင့်ရှုကွပင်တို့စုဝေးရာကမ္ဘာ၊ မျိုးစိတ်များသိုလှောင်ရာဂိုဒေါင်လို့ချီးမွမ်းတင်စားခေါ်ဝေါ်ကြတဲ့ဒေသလည်းဖြစ်ပါတယ်။ ကျွန်တော်တို့ပြည်နယ်ခွဲဟာသစ်တောဖုံးလွှမ်းမှု ၆၇ ဒသမ ၀ ရာခိုင်နှုန်းရှိပြီး၊ တစ်နိုင်ငံလုံးရဲ့ ပျမ်းမျှစံချိန်ထက်အများကြီး မြင့်ပါတယ်။ တယ်ဟုန်ပြည်နယ်ခွဲအတွင်း ဖြတ်သန်းစီးဆင်းသွားတဲ့ မြစ်ကြီးနှစ်သွယ်ရှိပြီး၊ သံလွင်မြစ်ထဲစီးဝင်တဲ့မြစ်နဲ့ ဧရာဝတီမြစ်ထဲစီးဝင်တဲ့ မြစ်များဖြစ်ကြပါတယ်။ ထို့အတူ မြစ်ချောင်းအင်းအိုင်များပေါများပြီး၊ ရေပူစမ်းများလည်း ပေါများလှပါတယ်။ ရေအရင်းအမြစ်စုစုပေါင်း ကုဗမီတာ ၂၀ ၈၀၀သန်းရှိပြီး၊ ရေအားလျှပ်စစ် အရင်းအမြစ် ကီလိုဝပ် ၃၆ သိန်းကျော်ရှိပါတယ်။ ကျွန်တော်တို့ ပြည်နယ်ခွဲတစ်ခုလုံးမှာ အင်းအိုင်ပေါင်း ၇၀ နီးပါးရှိပြီး၊ ရေပူစမ်းပေါင်း၇၀ ကျော်ရှိတဲ့အတွက် အပန်းဖြေလုပ်ငန်းများ ဖော်ဆောင်နိုင်တဲ့ အားသာချက်တွေ ရှိနေပါတယ်။ လုံလောက်ပြည့်စုံတဲ့ အလင်းရောင်၊ အပူချိန်၊ ရေ၊ မြေ၊ လေတို့ကြောင့် စိုက်ပျိုးရေးကဏ္ဍက အထူးထုတ်ကုန်များ ထုတ်လုပ်ဖို့ တစ်မူထူးတဲ့အားသာချက်များရှိနေပြီးတယ်ဟုန်ပြည်နယ်ခွဲဟာ တရုတ်နိုင်ငံရဲ့ အစေ့သေးကော်ဖီ၊ သံပုရာ၊ သစ်မာစေ့၊ ရာဘာ၊ အဆင့်မြင့်ဆေးရွက်ကြီးနဲ့ အကောင်းစားဆန်များထွက်ရှိရာ အရေးကြီးထုတ်ကုန်ဒေသ ဖြစ်လာပါတယ်။ ကောင်းမွန်တဲ့ သဘာဝပတ်ဝန်းကျင်ကြောင့်လည်း တယ်ဟုန်ပြည်နယ်ခွဲဟာ လူသားများနေထိုင်ဖို့ သင့်တော်တဲ့ဒေသဖြစ်လာပြီး၊ ပြည်တွင်းပြည်ပကမိတ်ဆွေများ တယ်ဟုန်မှာအခြေချအောင် ဆွဲဆောင်နိုင်ခဲ့တာ ဖြစ်ပါတယ်။ ဒါ့အပြင် တယ်ဟုန်ပြည်နယ်ခွဲနဲ့ ဆက်စပ်နေတဲ့ဒေသဟာ ကမ္ဘာမှာနာမည်ကြီး ကျောက်မျက်ရတနာများထွက်ရှိတဲ့၊ အမည်ရ ထင်ရှားတဲ့သစ်မာများထွက်ရှိတဲ့ မြန်မာနိုင်ငံဖြစ်ပါတယ်။ ဒါကြောင့် တယ်ဟုန်အနေနဲ့ တရုတ်တစ်နိုင်ငံလုံးမှာ အကြီးဆုံး ကျောက်မျက်ဈေးကွက်ကို ပိုင်ဆိုင်ထားသလို၊ မဟော်ဂနီသစ်ထွက်ပစ္စည်းများ ဖြန့်ဖြူးရောင်းချရာ ဈေးကွက်ကြီးလည်း ရရှိထားပါတယ်။ ■




# နယ်စပ်ဒေသစီးပွားရေးအထူးဇုန် တံခါးဖွင့်စမ်းသပ်တဲ့ ရှေ့ပြေးဒေသ လှပတဲ့တယ်ဟုန်ပြည်နယ်ခွဲ

"လှပတဲ့ဒေသလေးတစ်ခုမှာ ရှမ်းတိုင်းရင်းသားတို့ မှီတင်းနေထိုင်ကြတယ်။ သိပ်သည်းထူထပ်တဲ့ ရွာတွေဟာ တစ်ရွာနဲ့တစ်ရွာ ဆက်စပ်နေသလို၊ ကွေ့ကောက်ကာစီးဆင်းနေတဲ့ မြစ်ရေပေါ်မှာ ငွေလှိုင်းလေးတွေ ထလို့နေတယ်။----"ဆိုတဲ့ စာသားလေးတွေဟာ (လှပတဲ့ဒေသလေးတစ်ခု)ဆိုတဲ့ သီချင်းထဲမှာ ရေးစပ်ထားတဲ့စာသားလေးတွေဖြစ်ပြီး၊ လှပတဲ့တယ်ဟုန် ရှမ်းကချင်ကိုယ်ပိုင်အုပ်ချုပ်ရေးပြည်နယ်ခွဲကို ရေးစပ်သီကုံးထားတဲ့ တေးသီချင်းတစ်ပုဒ်ဖြစ်ပါတယ်။ ဒီသတင်းစာရဲ့ "နယ်စပ်ဒေသစီးပွားရေးအထူးဇုန်၊ တံခါးဖွင့်စမ်းသပ်တဲ့ရှေ့ပြေးဒေသ၊ လှပတဲ့တယ်ဟုန်ပြည်နယ်ခွဲ" ခေါင်းစဉ်အောက်မှာ 'တယ်ဟုန်-ဆန်းကျယ်လှပတဲ့ဒေသလေးတစ်ခု"ဆိုတဲ့ခေါင်းစဉ်ခွဲနဲ့ အပိုင်းငါးပိုင်းခွဲ ရေးသားမိတ်ဆက်သွားမှာဖြစ်ပြီး၊ ဒီခေါင်းစဉ်အောက်မှာ တယ်ဟုန်ပြည်နယ်ခွဲရဲ့ သဘာဝရှုခင်းအလှများ၊ တိုင်းရင်းသားယဉ်ကျေးမှုများ၊ လူမှုရေးတိုးတက်မှုအခြေအနေများ၊ အစရှိတဲ့အကြောင်းအရာများကို တင်ဆက်သွားမှာဖြစ်ပါတယ်။ ဒါကြောင့်စာဖတ်သူများအနေနဲ့ နှစ်သက်အားပေးကြစေလိုပါတယ်။

**တယ်ဟုန်– ဆန်းကျယ်လှပတဲ့ဒေသလေးတစ်ခု**

အပိုင်း(၁)

**တစ်မူထူးခြားတဲ့ သဘာဝပတ်ဝန်းကျင်**

တယ်ဟုန် ရှမ်းကချင်ကိုယ်ပိုင်အုပ်ချုပ်ရေးပြည်နယ်ခွဲသည် တရုတ်နိုင်ငံရဲ့အနောက်တောင်ဘက်မှာ တည်ရှိပြီး၊ တရုတ်မြန်မာနယ်စပ်ဒေသမှာတည်ရှိတဲ့ ရွှေဥဒေါင်းတို့ရဲ့ ဇာတိမြေလို့ အထင်ကရကျော်ကြားလှပါတယ်။ ပြည်နယ်ခွဲတစ်ခုလုံးမှာ ခရိုင် ၃ ခရိုင်၊ မြို့ နှစ်မြို့နယ်နှင့် ဇုန်တစ်ခုရှိပြီး၊ တရုတ်နိုင်ငံရဲ့ကော်ဖီထွက်ရှိရာအရပ်ဖြစ်တဲ့ ပြည်နယ်ခွဲမြို့တော်တည်ရှိရာ မန်စီမြို့၊ ဘူးပလွေရဲ့ဇာတိမြေလျံဟို၊ တရုတ်နိုင်ငံ ကျောက်စိမ်းအရိုင်းတုံးများ ဖောက်ကားရာမြို့ယင်ကျန်း၊ မနောမြေလုံချွမ်၊ အရှေ့တိုင်းကျောက်မျက်ရတနာမြို့တော် ရွှေလီနဲ့တရုတ်နိုင်ငံနယ်စပ်မြို့ ဝမ်တိန်တို့ဖြစ်ကြပါတယ်။မြေဧရိယာ ၁၁၅၂၆ စတုရန်းမီတာကျယ်ဝန်းပြီး၊လူဦးရေစုစုပေါင်း ၁၂၂၀၀၀၀ ရှိပါတယ်။တရုတ်နိုင်ငံတံခါးဖွင့်ပေါ်လစီ ကျင့်သုံးချိန်ကစပြီး၊ အထူးသဖြင့် ဒီနှစ်တွေအတွင်းမှာ တယ်ဟုန်ပြည်နယ်ခွဲအနေနဲ့ "စိမ်းလမ်းစိုပြေတဲ့ပြည်နယ်ခွဲတည်ဆောက်ရေး၊ သိပ္ပံနည်းပညာနဲ့ပြည်နယ်ခွဲကိုတိုးတက်စေရေး၊ ကုန်ထုတ်လုပ်ငန်းများနဲ့ ပြည်နယ်ခွဲကြွယ်ဝချမ်းသာစေရေး၊ တံခါးဖွင့်ပေါ်လစီမှ ပြည်နယ်ခွဲပိုမိုတောင့်တင်းခိုင်မာရေး၊ သဟဇာတရှိတဲ့ တည်ငြိမ်အေးချမ်းတဲ့ပြည်နယ်ခွဲအဖြစ် တည်ဆောက်ရေး"ဆိုတဲ့ မဟာဗျူဟာစီမံကိန်း ၅ ခုနဲ့ အကောင်အထည်ဖော်ခဲ့ရာ၊ပြည်နယ်ခွဲတစ်ခုလုံး စီးပွားရေး တိုးတက်လာပြီး၊ ယဉ်ကျေးမှုဖွံ့ဖြိုးလာကာ၊ တိုင်းရင်းသားများအကြား သွေးစည်းညီညွတ်တဲ့၊သဟဇာတရှိတဲ့ လူမှုအဖွဲ့အစည်းကို တည်ဆောက်နိုင်ခဲ့သလို၊ နယ်စပ်ဒေသများ တည်ငြိမ်အေးချမ်းတဲ့ ကောင်းမွန်သောအခြေအနေများကို ဖော်ဆောင်ပေးနိုင်ခဲ့ပါတယ်။



တယ်ဟုန်ပြည်နယ်ခွဲတွင် နေထိုင်သော တိုင်းရင်းသားလူမျိုးများ

ဓါတ်ပုံ - တယ်ဟုန်

တယ်ဟုန်ဟာ တောင်အာ

စာ – ၁၉ သို့ »